ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး**

(၁၅)ရက်မြောက်နေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၃ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၅ ရက် )**

**[ သောကြာနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၄.၇၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နှင့် ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၅)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဓောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

အဋ္ဌမပုံမှန်အစည်းအဝေး(၁၅)ရက်မြောက်နေ့ ၁၅-၆-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် စောယှားဖောင်အွာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ စားပွဲတင်တင်းနစ် အားကစားပြိုင်ပွဲ တက်ရောက်ရန်။ ဦးငွေ့တင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဒေါက်တာလင်းဝေဖြိုးလတ်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဒေါက်တာကျော်ငွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးမန်းထွန်းကြိုင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ဆေးရုံတက်ရောက်ကုသရန်။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်။ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဦးဖြေရယ်(ခ)ဦးမြင့်သန်းထွန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေး။ ဦးခင်ဇော်ဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်။ ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ တွေ့ဆုံဆွေးနွေးပွဲ တက်ရောက်ရန်။ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဆေးရုံတက်ရောက်ကုသရန်။ ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ကော်မတီလုပ်ငန်းတာဝန်များဆောင်ရွက်ရန်။ ဦးအောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးပြုံးလွင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဦးဝင်းမြင့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ဆေးရုံ တက်ရောက်ကုသရန်တို့ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၁)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၂၃)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၃၄)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ ပန်ကြားတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၃)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၄)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့် မေးခွန်းများဟာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မန္တလေးတိုင်းဒေသကြီး၊ တကောင်း မြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်များအတွင်း တည်ရှိသော တကောင်းနီကယ်သတ္တုသိုက်အား ထုတ်လုပ်မှု အပေါ် အမြတ်ခွဲဝေခံစားသည့် စာချုပ်ဖြင့် လုပ်ကိုင်ခွင့်ပြုထားသော Myanmar CNMC Nickel Co.,Ltd သည် ဖယ်ရိုနီကယ် ထုတ်လုပ်ရာတွင် စာချုပ်ပါစည်းကမ်းချက်များအား လိုက်နာခြင်း ရှိ/မရှိ နှင့် အကျိုးအမြတ်အား မည်ကဲ့သို့ခွဲဝေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမိုးမြင့်(ခ)ဆင်မြူရယ်က မန္တလေးတိုင်းဒေသကြီး၊ တကောင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်များအတွင်း တည်ရှိသော တကောင်းနီကယ်သတ္တုသိုက်အား ထုတ်လုပ်မှုအပေါ် အမြတ်ခွဲဝေခံစားသည့် စာချုပ်ဖြင့် လုပ်ကိုင်ခွင့်ပြုထားသော Myanmar CNMC Nickel Co.,Ltd သည် ဖယ်ရိုနီကယ် ထုတ်လုပ်ရာတွင် စာချုပ်ပါစည်းကမ်းချက်များအား လိုက်နာခြင်း ရှိ/မရှိ နှင့် အကျိုးအမြတ်အား မည်ကဲ့သို့ခွဲဝေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးစောမိုးမြင့်(ခ)ဆင်မြူရယ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဝင် စောမိုးမြင့် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့ မေးခွန်းနဲ့ ဆက်စပ်ပြီးတော့ Power Point သုံးစွဲခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။


မေးမြန်းလိုတဲ့ မေးခွန်းကတော့ တကောင်းနီကယ် သတ္တုသိုက်အား ထုတ်လုပ်မှုအပေါ် အမြတ်ခွဲဝေခံစားသည့် စာချုပ်ဖြင့် လုပ်ကိုင်ခွင့်ပြုထားသော Myanmar CNMC Nickel Co.,Ltd မှ ဖယ်ရိုနီကယ်အား စီးပွားဖြစ် ထုတ်လုပ်သည့်နေ့မှ ၃၁-၁၂-၂၀၁၇ နေ့အထိ စာချုပ်ပါစည်းကမ်းချက်များအားလိုက်နာခြင်း ရှိ/မရှိနှင့် အကျိုးအမြတ်က မည်သို့ခွဲဝေသည်ကို သိရှိလိုပါသည်။ ကျွန်တော်တို့ တကောင်းနီကယ်သတ္တုသိုက်ဟာ မန္တလေးတိုင်းဒေသကြီး၊ တကောင်းမြို့နယ်မှာ တည်ရှိပါတယ်။ ဒါပေမယ့် အဲဒီသတ္တုတွင်းကထုတ်တဲ့ သတ္တုရိုင်းတွေကို ကြိတ်ခွဲတဲ့စက်ရုံကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်အတွင်းမှာ တည်ရှိပါတယ်။ ကျွန်တော်တို့ မြန်မာ ဘူမိဗေဒပညာရှင်များရဲ့ တိုင်းတာချက်အရ ဒီ သတ္တုသိုက်မှာ နီကယ်ပါဝင်မှုနှုန်းဟာ (၂)ရာခိုင်နှုန်းရှိပြီးတော့ သတ္တုသိုက်ပမာဏဟာ စုစုပေါင်း (၂၃.၁၃)သန်းရှိကြောင်း သိရှိရပါတယ်။

ရည်ရွယ်ချက်ကတော့ ဗျူဟာမြောက်သတ္တုစင်ဖြစ်တဲ့ သံချေးကင်းမဲ့တဲ့ သံမဏိ (Stainless Steel)၊ ဘက်ထရီ၊ ဂျက်အင်ဂျင် တာဘိုင်၊ ရေအားလျှပ်စစ်သုံးတဲ့ တာဘိုင်နှင့် အီလက်ထရောနစ်ပစ္စည်းစတဲ့ သတ္တုစင်တို့ ထုတ်လုပ်တဲ့နေရာမှာ မရှိမဖြစ်ထည့်သွင်းသုံးစွဲရတဲ့ ဖယ်ရိုနီကယ် ထုတ်လုပ်ဖို့ ဖြစ်ပါတယ်။ အပေါ်ပိုင်းမှာတွေ့ရတဲ့ လေးထောင့်ကွက်ကတော့ သတ္တုသိုက်တည်ရှိရာ မန္တလေးတိုင်းဒေသကြီး၊ တကောင်းမြို့နယ်မှာ ဖြစ်ပါတယ်။ အောက်မှာတွေ့ရတဲ့ ဧရိယာအကျယ်ကြီးကတော့ ဒါစက်ရုံနေရာဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီစက်ရုံဟာ ထီးချိုင့်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးထဲမှာ ရှိပါတယ်။ ဒါကတော့ တောင်ပေါ် သတ္တုတွင်းလုပ်ကွက်မှာ Open cut mining method နှင့် သတ္တုရိုင်းတွေကို တူးဖော်ခြင်းဖြစ်ပါတယ်။ ရရှိတဲ့ သတ္တုရိုင်းတွေကို ကြိတ်ခွဲသန့်စင်ပြီးတော့ လျှပ်စစ်မီးကူးချောင်းဖို့ Electric Arc Furnace တွေနဲ့ ကျိုချက်နေတဲ့ ပုံဖြစ်ပါတယ်။ ဒါ ကျိုချက်ပြီးတဲ့ သတ္တုတွေကို သတ်မှတ်ထားတဲ့ ဖယ်ရိုနီကယ် အတိုင်းအတာရလို့ရှိရင် သွန်းလောင်းပါတယ်။ သွန်းလောင်းပြီးတဲ့ ဖယ်ရိုနီကယ်တွေ ဖြစ်ပါတယ်။ ဒါကတော့ ဈေးကွက်ကို တင်ပို့ဖို့ အဆင်သင့်ဖြစ်နေတဲ့ ဖယ်ရိုနီကယ် ဖြစ်ပါတယ်။

အဲဒီတော့ ဒီစာချုပ်ကို ပြီးခဲ့တဲ့ ၂၀၀၈ ခုနှစ်က ချုပ်ဆိုခဲ့ပါတယ်။ စာချုပ်သက်တမ်းကတော့ အနှစ်(၂၀)ပါ။ လာမယ့် ၂၀၂၈ ခုနှစ်ထိ အသက်ဝင်မှာ ဖြစ်ပါတယ်။ လုပ်ကွက်ဧရိယာအနေနဲ့ (၂၀.၅၆) စတုရန်းကီလိုမီတာ ရှိပါတယ်။ ရင်းနှီးမြှုပ်နှံမှု ထိုစဉ်ကာလက ဈေးနဲ့ဆိုရင်တော့ အမေရိကန် ဒေါ်လာ (၇၆၇.၈၉၉)သန်း ရှိပါတယ်။ ဒီစက်ရုံ စမ်းသပ်လည်ပတ်ပြီးတော့ စီးပွားဖြစ် ထုတ်လုပ်နိုင်တာကတော့ ၁၀-၁၀-၂၀၁၃ ရက်နေ့ဖြစ်ပါတယ်။ ဒီနေ့အချိန်ထိဆိုရင်တော့ (၅)နှစ်ကျော် (၅)နှစ်နီးပါးရှိပါပြီ။ နှစ်စဉ်ရည်မှန်း ထားတဲ့ ထုတ်လုပ်မှုက ဖယ်ရိုနီကယ်(၈၀၀၀၀)တန်ကျော်ဖြစ်ပါတယ်။ အဲဒီတော့ စာချုပ်အရ ကျွန်တော်တို့ မြန်မာနိုင်ငံက ရရှိမယ့် အကျိုးကျေးဇူးတွေပါ။ အဲဒါဘာလဲဆိုတော့ မြေငှားရမ်းခပါ။ မြေငှားရမ်းခနဲ့က တစ်စတုရန်းကီလိုမီတာကို ကျွန်တော်တို့ ကျပ်သိန်း(၃၀)ရမှာပါ။ ပြီးတော့ထုတ်လုပ်တဲ့ ဓာတ်သတ္တုအပေါ်မှာ ဓာတ်သတ္တု ထုတ်လုပ်မှုရဲ့ (၄)ရာခိုင်နှုန်း၊ ဒါကတော့ ဖယ်ရိုနီကယ်ကို (၄)ရာခိုင်နှုန်း ယူရင်လည်းယူ၊ မယူလို့ရှိရင်လည်း ကာလပေါက်ဈေးနှင့် သင့်တဲ့ နိုင်ငံခြားငွေရရှိဖို့ ဖြစ်ပါတယ်။ အဲဒီတော့ စာချုပ်အရ ကျွန်တော်တို့ မြန်မာနိုင်ငံကဝန်ထမ်းတွေကို (၇၅)ရာခိုင်နှုန်းခန့်ထားရမယ်လို့ ပါရှိပါတယ်။ နောက် ခုန အမြတ်ခွဲဝေမှုကတော့ လက်ရှိဖယ်ရိုနီကယ်ရဲ့ ပေါက်ဈေးအပေါ် မူတည်ပြီးတော့ (၁)ရာခိုင်နှုန်းကနေပြီးတော့ (၃၂)ရာခိုင်နှုန်းအထိ ကျွန်တော်တို့နိုင်ငံက ရရှိမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ အထက်ဖော်ပြပါ စာချုပ်နှင့်အညီ ကျွန်တော်တို့ ဆောင်ရွက်ခဲ့တဲ့နေရာမှာ မြန်မာနိုင်ငံကနေပြီးတော့ မြေငှားရမ်းခ ဓာတ်သတ္တုအခွန် - - - - - - - - - - -

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ် တကောင်းတောင် နီကယ်စီမံကိန်း ဧရိယာနှင့် တည်နေရာပြမြေပုံ မြင်ကွင်းပုံ (ရ)




ဖယ်ရိုနီကယ် Granule သွင်းလောင်းနေသည့် မြင်ကွင်းပုံ (ရ-၁)



မြေငှားရမ်းခနှင့် ဆက်စပ်ပြပုံ (ရ-၂)

| | |
|---|---|
| (က) | မြေငှားရမ်းခ |
| (ခ) | ဓာတ်သတ္တုခွန် |
| (ဂ) | အမြတ်ငွေခွဲဝေရရှိမှု (ဒေါ်လာ+တန်ချိန်) |
| (ဃ) | မြန်မာ့ဝန်ထမ်းဦးရေ |
| (င) | ဝန်ထမ်းစုစုပေါင်း၏ရာခိုင်နှုန်း |
| (စ) | အမြင့်ဆုံးမြန်မာဝန်ထမ်းရာထူး |
| (ဆ) | ၃၁-၁၂-၂၀၁၇ အထိ ထုတ်လုပ်ခဲ့သော |
| | ဖယ်ရိုနီကယ် တန်ချိန်စုစုပေါင်း |

**ဥက္ကဋ္ဌ**။ ။ အချိန်ကုန်သွားပါပြီ။ ကိုယ်စားလှယ်ကြီးတို့က မေးတဲ့မေးခွန်းကို ဘာလဲဆိုတာ အဓိကတော့ လုပ်ငန်းအကြောင်း လိုက်ရှင်းပြနေသလို ဖြစ်နေတာ။ ကိုယ်လိုချင်တဲ့ မေးခွန်းကို လိုရင်း မေးမှပေါ့။ အချိန်တွေက ဒီ ငါးမိနစ်အတွင်းမှာ ဘယ်လိုမေးမေး မေးလို့ရတဲ့ ကိစ္စ။

**ချင်းပြည်နယ်ရှိ မြို့နယ်(၉)မြို့နယ်တွင် တောရိုင်း တိရစ္ဆာန်များ တားဆီးကာကွယ် ထိန်းသိမ်းရန် ဘေးမဲ့တောများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း က ချင်းပြည်နယ်ရှိ မြို့နယ်(၉)မြို့နယ်တွင် တောရိုင်း တိရစ္ဆာန်များ တားဆီးကာကွယ် ထိန်းသိမ်းရန် ဘေးမဲ့တောများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးဘွဲခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် ဝန်ကြီးများ၊ လုပ်ဖော်ကိုင်ဖက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဘွဲခိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တောရိုင်းတိရစ္ဆာန်များ မျိုးတုံးမည့် အန္တရာယ်မှ ကာကွယ်ထိန်းသိမ်းနိုင်ရေးကို ရှေးရှုလျက် ဘေးမဲ့တောများကို ကျယ်ကျယ်ပြန့်ပြန့် တည်ထောင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ချင်းပြည်နယ်ဟာ ယခင်က သစ်တော သယံဇာတ ပေါကြွယ်ဝပြီး၊ တောရိုင်းတိရစ္ဆာန်ကျေးငှက်မျိုးစုံ ကြွယ်ဝခဲ့တဲ့ ဒေသကြီးတစ်ခု ဖြစ်ခဲ့

ပါတယ်။ သို့သော် ဘိုးဘွားများလက်ထက်မှစပြီးတော့ သမားရိုးကျ ရွှေ့ပြောင်းတောင်ယာစနစ်ကို ကျင့်သုံးခြင်း၊ သစ်တောများကို နည်းမျိုးစုံဖြင့် စည်းမဲ့ကမ်းမဲ့ ခုတ်လှဲခြင်း၊ တောင်ယာမီးကိုလည်း စည်းမဲ့ကမ်းမဲ့ မီးရှို့ခြင်းတို့ကြောင့် သစ်တောများ တိမ်ကောလာပြီး ကျန်ရှိတဲ့ တောငှက်တိရစ္ဆာန်များ နေစရာမရှိ တော့တဲ့အတွက် ရေကြည်ရာ မြက်နုရာဒေသသို့ ပြောင်းရွှေ့နေထိုင်ကြပါတယ်။

ဒါ့အပြင် ချင်းပြည်နယ်မှာ ခေတ်နှင့်မညီတဲ့ စနစ်တစ်ခုကတော့ ယောက်ျားကောင်းပီသရင် အိမ်တစ်လုံး၊ သေနတ်တစ်လက် ပိုင်ဆိုင်ရမည်ဆိုတဲ့ စနစ်ပဲ ဖြစ်ပါတယ်။ ဒီစနစ်ကြောင့် သေနတ် ပိုင်ဆိုင်သူများဟာ အမဲလိုက်ခြင်းကို တာဝန်တစ်ရပ်အဖြစ် မှတ်ယူကာ တွေ့သမျှ တောရိုင်းတိရစ္ဆာန် နှင့် တောငှက်များကို ပစ်သတ်ခဲ့ကြတဲ့အတွက် တောငှက်တိရစ္ဆာန်များ တဖြည်းဖြည်း တိမ်ကောလာ ရခြင်း ဖြစ်ပါတယ်။ တချို့ မုဆိုးများဟာ တောရိုင်းတိရစ္ဆာန်ကောင်ရေ(၁၀၀၀)ကျော် ပစ်သတ်နိုင်ခဲ့တဲ့ မုဆိုးများ ရှိကြပါတယ်။ ၎င်းတို့ဟာ လူတကာထက် ထူးချွန်တဲ့ လူတစ်ဦးအဖြစ် ဂုဏ်ပြုကြပါတယ်။ ကျား၊ ဝက်ဝံ၊ တောဝက်ကြီးများ ပစ်သတ်ပါက အကြီးအကျယ် ပျော်ပွဲရွှင်ပွဲ ကျင်းပလေ့ရှိကြပါတယ်။ ဒီစနစ်ကို (၁၉၇၀)ပြည့်နှစ် ပတ်ဝန်းကျင်အထိ ကျင့်သုံးနေတာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။

၁၉၇၀ ပြည့်နှစ် နောက်ပိုင်း စနစ်ဆိုးတစ်ခု ပြန်ပေါ်လာပါတယ်။ စီးပွားရေး ဝိသမလောဘ သမားများက ကျားအရေခွံ၊ အရိုး၊ ဝက်ဝံသည်းခြေ၊ သမင်၊ ဒရယ်ဦးချိုများကို ရှာဖွေဝယ်ယူ စုဆောင်း တဲ့အခါ သေနတ်ဖြင့်လည်းကောင်း သေနတ်မရှိသူများက ထောင်ချောက်မျိုးစုံဖြင့်လည်းကောင်း၊ ကျား၊ ဝက်ဝံနှင့် အခြားတိရစ္ဆာန်များကို ဖမ်းဆီးသတ်ဖြတ်လာခဲ့ရာ ယခုအခါ ကျား၊ ဝက်ဝံ၊ သမင်၊ ဒရယ်၊ ဒေါင်း၊ အောက်ချင်းငှက်များဟာ မျိုးဆက်ပင် ပျက်သုဉ်းပျောက်ကွယ်လုဆဲ ဖြစ်နေတာကို ကျွန်တော် တို့ ရင်နာစွာ တွေ့ရှိရပါတယ်။ ဒါကြောင့် ယခုခေတ် ရင်သွေးသားသမီးများဟာ ကျား၊ ဝက်ဝံ၊ ဒရယ်၊ အောက်ချင်းငှက်၊ ဒေါင်းစတဲ့ တိရစ္ဆာန်များကို စာအုပ်ထဲတွင်သာ ဖတ်ရှုပြီး အပြင်လောကမှာ မြင်တွေ့ နိုင်ခြင်းမရှိတာကို တွေ့ရှိရပါတယ်။

လက်ရှိ ချင်းပြည်နယ်အစိုးရကလည်း တောရိုင်းတိရစ္ဆာန်များကို ပစ်သတ်ခြင်း၊ ဖမ်းဆီးခြင်း မပြုလုပ်ဖို့ အမိန့်ထုတ်ပြန်ထားသော်လည်း လိုက်နာဆောင်ရွက်မှုမရှိသည်ကို တွေ့ရှိရပါတယ်။ ဤ ကဲ့သို့ အမိန့်လိုက်နာ ဆောင်ရွက်မှုမရှိသူများကို တင်းကျပ်သည့်ဥပဒေများ ပြဋ္ဌာန်း၍ လူထုထံ အသိ ပညာပေးဟောပြောခြင်းများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ပြီးနောက် လိုက်နာဆောင်ရွက်မှုမရှိပါက အပြစ် ပေး အရေးယူခြင်းများကို ပြုလုပ်မှ ပိုမိုထိရောက်အောင်မြင်မှု ရှိနိုင်မည်ဟု ယူဆရပါတယ်။

ထို့အပြင် ကြိုးဝိုင်းသစ်တောနှင့် ကြိုးပြင်သစ်တောများကို ကျေးရွာအဆင့်အထိ ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်ပေးရန်နှင့် ဘေးမဲ့တောများကို စနစ်တကျ သတ်မှတ်ပြီး ဖြစ်မြောက် အောင်မြင်အောင် တည်ထောင်ပေးခြင်းဖြင့် မျိုးဆက်ပျက်သုဉ်းလုဆဲဖြစ်သော တောရိုင်းတိရစ္ဆာန်များ ထဲမှ လူထုအများဆုံး စိတ်ဝင်စားတဲ့ ကျား၊ ကျားသစ်၊ ဝက်ဝံ၊ ဆတ်၊ သမင်၊ ဒရယ်၊ တောင်ဆိတ်၊ ချေ၊ ဥဒေါင်း၊ အောက်ချင်းငှက်စတဲ့ တောငှက်တိရစ္ဆာန်များကို မပစ်သတ်ဘဲ ဘေးမဲ့တောများတွင် နေထိုင် ကျက်စားစေခြင်းဖြင့် မျိုးတုံးမည့် အန္တရာယ်မှ ကာကွယ်ရာရောက်သည့်အပြင် တောတောင်သဘာဝ စိမ်းလန်းစိုပြည်ရေး၊ သာယာလှပရေးနှင့် ရာသီဥတုမှန်ကန်ရေးကို အထောက်အကူပြုနိုင်မှာ ဖြစ်သည့်

အပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာအကျိုးဖြစ်ထွန်းစေမှာ ဖြစ်တဲ့အတွက် ချင်းပြည်နယ် (၉) မြို့နယ်တွင် တောရိုင်းတိရစ္ဆာန်များ နေထိုင်ကျက်စားနိုင်ရန် ဘေးမဲ့တောများကို ကျယ်ကျယ်ပြန့်ပြန့် တည်ထောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးအား လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနှင့်ပတ်သက်ပြီး သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၉။**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ပြည်ထောင်စုဝန်ကြီးများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်း မေတ္တာပို့သရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဖြစ်ပါတယ်။

ပထမဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမိုးမြင့်(ခ)ဆင်မြူရယ် ၏ မန္တလေးတိုင်းဒေသကြီး၊ တကောင်းမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်များအတွင်း တည်ရှိသော တကောင်းနီကယ်သတ္တုသိုက်အား ထုတ်လုပ်မှုအပေါ်အမြတ် ခွဲဝေခံစားသည့် စာချုပ်ဖြင့် လုပ်ကိုင်ခွင့်ပြုထားသော Myanmar CNMC Nickel Co.,Ltd သည် ဖယ်ရိုနီကယ် ထုတ်လုပ်ရာတွင် စာချုပ်ပါစည်းကမ်းချက်များအား လိုက်နာခြင်း ရှိ/မရှိနှင့် အကျိုး အမြတ်အား မည်သို့ခွဲဝေသည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော် ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်က Power Point တင်ပြခွင့်ပြုရန်နှင့် အချိန် အနည်းငယ် ပိုပေးပါရန် လေးစားစွာ တောင်းခံအပ်ပါတယ်ခင်ဗျား။ စက်ရုံနှင့် ပတ်သက်လို့ ဒီခုန အကြောင်းအရာ တွေကတော့ ကိုယ်စားလှယ်တော်ကြီး ရှင်းပြသွားတဲ့အတွက် ကျွန်တော် ရှင်းပြစရာ ဘာမှမလိုတော့ ပါဘူး။ ပထမဆုံး နောက်ဆုံးမေးပြထားတဲ့ မေးခွန်း(၇)ခု ရှိပါတယ်။ ကျွန်တော် တစ်ခုချင်း ဖြေကြားသွား ပါမယ်။ ပထမဆုံး ပုံသေမြေငှားရမ်းခ ဖြစ်ပါတယ်။ ဒါနှင့်ပတ်သက်ပြီးတော့ ၂၈ - ၇ - ၂၀၀၈ ရက်နေ့မှာ လက်မှတ်ရေးထိုး စာချုပ်ခဲ့တဲ့ လုပ်ငန်းသဘောတူစာချုပ်ရဲ့ အပိုဒ် (၁၃-၁)မှာ Myanmar CNICO ဟာ ပုံသေမြေငှားရမ်းခနှုန်းထားဖြင့် တစ်နှစ်မှာ တစ်စတုရန်းကီလိုမီတာအတွက် အမေရိကန်ဒေါ်လာ(၅၀၀) သို့မဟုတ် ယင်းနှင့်ညီမျှသော ယူရိုငွေကို သတ္တုတွင်းဦးစီးဌာနသို့ နှစ်စဉ်ပေးသွင်းရန်လို့ ဖော်ပြထား ပါတယ်။ အဲဒါကြောင့်မို့လို့ အဲဒီနေ့ကစပြီးတော့ တစ်နှစ်မှာ တစ်စတုရန်းကီလိုမီတာအတွက် ကျွန်တော်တို့ ခုနက ပြဋ္ဌာန်းသတ်မှတ်ထားတဲ့အတိုင်း အမေရိကန်ဒေါ်လာ (၅၀၀)နှုန်းနှင့်ကောက်ခဲ့ပါတယ်။ နိုင်ငံတော် သမ္မတရုံးရဲ့ ၂၇ - ၈ - ၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၁၅(၁)/၇/သမ္မတရုံးအရ လည်းကောင်း၊ ၄ - ၈ - ၂၀၁၁

ရက်စွဲမှာ ပြုလုပ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ (၁၆/၂၀၁၁)ကြိမ်မြောက် အစည်းအဝေးက သဘောတူညီချက်အရလည်းကောင်း၊ ၁ - ၄ - ၂၀၁၂ မှာ စတင်ပြီးတော့ တစ်နှစ်ကို တစ်စတုရန်းကီလိုမီတာအတွက် ငွေကျပ်သိန်း(၃၀) ကောက်ခံခဲ့ပါတယ်။

ကျွန်တော်တို့ ခုနက မြေဧရိယာ (၂၀.၅၉) စတုရန်းကီလိုမီတာအတွက် စာချုပ် ချုပ်ဆိုထားတဲ့အတိုင်း ၂၈ - ၇ - ၂၀၀၈ ကနေပြီးတော့ ၂၇ - ၇ - ၂၀၁၈ နေ့အထိ ကျွန်တော်အားလုံး ပုံသေမြေငှားခကတော့ သိန်းပေါင်း(၃၉၇,၅၂၅,၁၀၃.၃၅) ကျပ်ကို ကုမ္ပဏီကနေ ပေးဆောင်ခဲ့ပါတယ်။ ဓာတ်သတ္တုခွန်နှင့် ပတ်သက်ပြီးတော့ ကျွန်တော် ရှင်းလင်းပြပါမယ်။ ကျွန်တော်တို့ အဲဒီလက်မှတ်ရေးထိုးခဲ့တဲ့ သဘောတူစာချုပ်ရဲ့အပိုဒ် (၁၀-၁)မှာပဲ ထုတ်လုပ်ခဲ့တဲ့ ဖယ်ရိုနီကယ်၏ (၄)ရာခိုင်နှုန်းကို ဓာတ်သတ္တုအခွန်အဖြစ် ပေးဆောင်ရပါတယ်။ လစဥ်ပေးဆောင်ရမယ့် ဓာတ်သတ္တုအခွန်ကိုတော့ အမေရိကန်ဒေါ်လာ သို့မဟုတ် ယူရိုငွေနှင့် သတ္တုတွင်းဦးစီးဌာနကိုပေးရမှာ ဖြစ်ပါတယ်။ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းရဲ့ လိုအပ်ချက်အတိုင်း ဓာတ်သတ္တုခွန်ကိုပစ္စည်း အနေနဲ့လည်းကောင်း၊ ငွေကြေးအနေနှင့်လည်းကောင်းပေးရမယ်လို့ ဖော်ပြချက်အရ ကျွန်တော်တို့ ဖယ်ရိုနီကယ်ရဲ့တန်ဖိုး (၄)ရာခိုင်နှုန်းကိုတော့ ကျွန်တော်တို့ ဓာတ်သတ္တုအခွန်အဖြစ် သတ္တုတွင်းဦးစီးဌာနကနေပြီးတော့ ရပါတယ်။

ကျွန်တော်တို့ ၃ - ၁၀ - ၂၀၁၂ ကနေပြီးတော့ ၃၁ - ၃ - ၂၀၁၅ နေ့အထိ၊ ၁ - ၅ - ၂၀၁၅ ကနေပြီးတော့ ၃၁ - ၅ - ၂၀၁၅ နေ့အထိ ထုတ်လုပ်ခဲ့တဲ့ ဖယ်ရိုနီကယ်က စုစုပေါင်း အားလုံး ကျွန်တော်တို့ (၁၂၄,၄၀၇.၅၄၁)မက်ထရစ်တန် ရှိပါတယ်။ အဲဒီအတွက်ကို အမေရိကန်ဒေါ်လာအားဖြင့် (၂၄)သန်းကျော် ရပါတယ်။ ကျွန်တော်တို့ မြန်မာငွေအားဖြင့်ကတော့ ကျပ်(၂၆)ဘီလီယံကျော် ရရှိပါတယ်။ ဒါကိုလည်းပဲ ကုမ္ပဏီကနေပြီးတော့ ပေးသွင်းခဲ့ပြီးဖြစ်ပါတယ်။ အမှတ်(၁)သတ္တုတွင်းအနေနဲ့ ခုနက ကုမ္ပဏီပေါ်ကနေပြီးတော့ ခွဲဝေရမယ့် စာချုပ်အရ အဲဒီကာလမှာ ကျွန်တော်တို့ တစ်မက်ထရစ်တန်ပေါက်ဈေးက အမေရိကန်ဒေါ်လာ (၂၀၀၀၀)ကျော် ပေါက်ခဲ့ပါတယ်။ သို့သော်လည်းပဲ လက်ရှိကတော့ ဈေးအားဖြင့် အမေရိကန်ဒေါ်လာ (၁၃၀၀၀)အထိကို ကျဆင်းနေပါတယ်။ အဲဒီ ဈေးကျတဲ့အချိန်မှာပဲ ဓာတ်သတ္တုခွန်ကို ကျွန်တော်တို့ In Kind အနေနဲ့ ယူပါတယ်။ ယူပြီးတော့ LME ကျွန်တော်တို့ ဓာတ်သတ္တုနီကယ်သတ္တု ဒီ ဈေးမြင့်တက် တဲ့အခါမှာ ရောင်းချရန် စီမံချက်ရှိပါတယ်။ ၂၀၁၅ ခုနှစ်၊ ဧပြီ ကနေပြီးတော့ ဧပြီ၊ ဇွန်၊ ဇူလိုင်၊ စက်တင်ဘာလ များကနေပြီးတော့ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ထုတ်ခဲ့တဲ့ In Kind ကတော့ အားလုံး ဘယ်လောက်ရလဲဆိုရင် ကျွန်တော်တို့ တန်အားဖြင့် မက်ထရစ်တန် (၄၀၄၄.၁၃၆) ရရှိခဲ့ပါတယ်။ ဒါကတော့ ၂၀၁၅ခုနှစ်၊ ဩဂုတ်လမှာ ထုတ်ခဲ့တဲ့ ဖယ်ရိုနီကယ်များ ဖြစ်ပါတယ်။

၂၀၁၇ ခုနှစ်၊ ကျွန်တော်တို့ တစ်နှစ်လုံးကတော့ ထုတ်လုပ်မှုနီကယ်ကို ကျွန်တော်တို့ In Kind အားဖြင့် မက်ထရစ်တန် (၂၂၅၆.၀၉၄)တန်ကို ရရှိခဲ့ပါတယ်။ အဲဒါကို ဌာနက ၂၀၁၇ ခုနှစ်၊ မတ်လမှာ ထုတ်လုပ်ရရှိခဲ့တဲ့ ဖယ်ရိုနီကယ်များ ဖြစ်ပါတယ်။ ဓာတ်သတ္တုခွန် အနေနဲ့ကတော့ In Kind အားဖြင့် ကျွန်တော်တို့ စုစုပေါင်း ခုနက ကျွန်တော်တင်ပြခဲ့တဲ့ နှစ်ခုပေါင်းမယ်ဆိုရင် (၆၃၀၀.၂၃) မက်ထရစ်တန်ကို ကျွန်တော်တို့ ရရှိပြီးတော့ ဒီဟာတွေကိုတော့ ကျွန်တော်တို့ ဖယ်ရိုနီကယ်တွေကိုတော့

သိုလှောင်ရုံထဲမှာ ကျွန်တော်တို့ သိမ်းဆည်းထားပြီးတော့ အကယ်၍ LME ကျွန်တော်တို့ ဈေးကောင်းတဲ့အခါမှာ ကျွန်တော်တို့ တင်ပို့ရောင်းချဖို့အတွက် စီစဥ်ထားပါတယ်။

နောက်တစ်ခုကတော့ အမြတ်ခွဲဝေမှုပါပဲ။ အမြတ်ခွဲဝေမှုကတော့ ကုန်သွယ်မှု မူဝါဒကနေပြီးတော့ ကောင်စီရဲ့ ကုမ္ပဏီမှ ရာခိုင်နှုန်းပြည့် လုပ်ကိုင်စေ၍ ထုတ်လုပ်မှုအပေါ် ကုမ္ပဏီနှင့်ဌာနတို့ အကျိုးအမြတ် (၅၀)ရာခိုင်နှုန်းစီ ခွဲယူရန် ဆုံးဖြတ်ချက်အရ ကျွန်တော်တို့ အဲဒီအတိုင်းကိုဇယားရေးဆွဲပြီးတော့ ၂၈ - ၇ - ၂၀၁၈ ရက်နေ့မှာ လက်မှတ်ရေးထိုးခဲ့တဲ့ မူလသဘောတူစာချုပ်ရဲ့ အပိုဒ် (၁၀-၃) အရ ထုတ်လုပ်ရရှိတဲ့ ဖယ်ရိုနီကယ်တန်ဖိုးမှ ဓာတ်သတ္တုအခွန် (၄) ရာခိုင်နှုန်းကို နုတ်ပြီးတော့ LME နီကယ်ပေါက်ဈေးအပေါ်မှာ ကျွန်တော်တို့ အောက်ပါအတိုင်း ခွဲဝေခဲ့ပါတယ်။ အဲဒါကို ကျွန်တော် Power Point မှ တင်ပြထားပါတယ်။ ခုနက အသေးစိတ်တော့ ကျွန်တော်ဖတ်တော့ မပြတော့ပါဘူး။ ကျွန်တော်တို့ LME ဟာ အမေရိကန်ဒေါ်လာ (၂၀၀၀၀)ကနေ အမေရိကန်ဒေါ်လာ (၂၅၀၀၀)အထိ ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ အမှတ်(၁)ကနေပြီးတော့ (၁၂)ရာခိုင်နှုန်းရမယ်။ ခုနက ကုမ္ပဏီက (၈၈)ရာခိုင်နှုန်းရပါတယ်။ အကယ်၍ ဈေးကောင်းလို့ အမေရိကန်ဒေါ်လာ (၅၀၀၀၀)ကျော်ခန့်ရပြီဆိုလို့ရှိရင်ကတော့ အခုနက အမှတ်(၁)ကတော့ (၃၂)ရာခိုင်နှုန်း ရပါမယ်။ အခုန ကုမ္ပဏီက (၆၈) ရာခိုင်နှုန်း ရပါတယ်။

သို့သော်လည်းပဲ LME နီကယ် မက်ထရစ်တန် တစ်တန်ရဲ့ ပျမ်းမျှပေါက်ဈေးဟာ အမေရိကန်ဒေါ်လာ (၁၅၀၀၀)အောက်ကို ကျွန်တော်တို့ ၂၀၁၃ ခုနှစ်၊ မေလကစပြီးတော့ လည်းကောင်း၊ အမေရိကန်ဒေါ်လာ (၁၅၀၀၀)အောက်ကို ရောက်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာတော့ အမေရိကန်ဒေါ်လာ (၁၃၀၀၀)အောက်ကို စရောက်ပြီးတော့ ကျွန်တော်တို့ ဆက်တိုက်ကို ကျလာတဲ့အတွက်ကြောင့်မို့လို့ ၂၈-၇-၂၀၁၈ ရက်နေ့မှာ လက်မှတ်ရေးထိုးခဲ့တဲ့ မူလလုပ်ငန်း သဘောတူစာချုပ် အချိုးခွဲဝေမှုကို ကျွန်တော်တို့ ဒုတိယအကြိမ်၊ နောက်ဆက်တွဲ သဘောတူစာချုပ်နဲ့ တတိယနောက်ဆက်တွဲ သဘောတူစာချုပ်တို့ကို ပြန်လည်ပြီးတော့ ကျွန်တော်တို့ ချုပ်ဆိုခဲ့ရပါတယ်။ အဲဒီ ချုပ်ဆိုချက်အရ ကျွန်တော်တို့ ဒီမှာ အမေရိကန်ဒေါ်လာ (၁၅၀၀၀) ကနေပြီးတော့ အမေရိကန်ဒေါ်လာ (၂၀၀၀၀)အတွင်း LME ဈေးဖြစ်တဲ့အခါမှာ ကျွန်တော်တို့ ဓာတ်သတ္တုအခွန်(၄) ရာခိုင်နှုန်းကို နုတ်ပါတယ်။ ကျန်ငွေကနေပြီးတော့ ကုန်သွယ်လုပ်ငန်းခွန်နုတ်ပါတယ်။ ကျန်ငွေကနေ ဒီဇိုင်းပါထုတ်လုပ်မှု ကုန်ကျစရိတ်ကိုလည်း ကျွန်တော်တို့ နီကယ်တစ်တန်ဆိုလို့ရှိရင် တစ်တန်ကို အမေရိကန်ဒေါ်လာ ကျွန်တော်တို့ (၁၅၂၀၀) နှုန်းနှင့် သတ်မှတ်ပြီးတော့ နုတ်ရန်၊ ကျန်ငွေမှ ကုမ္ပဏီကပေးဆောင်ရမယ့် ဝင်ငွေခွန်နုတ်ရန်၊ ကျန်ငွေမှ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းနှင့် ကုမ္ပဏီတို့ကို (၅၀) ရာခိုင်နှုန်းစီ ခွဲဝေရန် ဖြစ်ပါတယ်။

ကျွန်တော် Power Point မှာလည်း တင်ပြထားပါတယ်။ ၄ - ၁၁ - ၂၀၁၄ မှာ ချုပ်ဆိုခဲ့တဲ့ ဒုတိယနောက်ဆက်တွဲ သဘောတူစာချုပ်နှင့် ၁ - ၂ - ၂၀၁၇ ရက်နေ့မှာ ချုပ်ဆိုခဲ့တဲ့ တတိယနောက်ဆက်တွဲ သဘောတူစာချုပ်အရ LME နီကယ်သတ္တုစင် တစ်မက်ထရစ်တန် ဈေးနှုန်းဟာ အမေရိကန် ဒေါ်လာ (၁၅၀၀၀)အောက်ရောက်မယ်ဆိုလို့ရှိရင် ဖယ်ရိုနီကယ်တန်ဖိုးကနေပြီးတော့ ဓာတ်သတ္တုခွန် (၄)ရာခိုင်နှုန်းကိုနုတ်၊ ကျန်ငွေကနေပြီးတော့ ကုန်သွယ်လုပ်ငန်းခွန် နုတ်ရန်၊ ကျန်ငွေကနေပြီးတော့ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းကို ခွဲဝေမှုအချိုး (၁)ရာခိုင်နှုန်းပေးဆောင်ရန် ဖြစ်ပါတယ်။ (၃ - ၁၀ - ၂၀၁၂ မှ ၃၁

- ၃ - ၂၀၁၅) ရက်နေ့အထိနဲ့ (၁ - ၅ - ၂၀၁၅ မှ ၃၁ - ၅ - ၂၀၁၅)ရက်နေ့အထိ ထုတ်လုပ်ခဲ့တဲ့ ဖယ်ရိုနီကယ်များအနက် ဖယ်ရိုနီကယ်မက်ထရစ်တန် (၁၂၄၄၀၇.၅၄၁)တန်ကို ကျွန်တော်တို့ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းအနေနဲ့ ခွဲဝေမှုအားဖြင့် ကျွန်တော်တို့ ရရှိမယ့်ငွေက အားလုံး ကျွန်တော်တို့ အမေရိကန်ဒေါ်လာ (၂၅)သန်းကျော်၊ ဘီလီယံအားဖြင့် ကျပ်(၂၆)ဘီလီယံကိုတော့ ကုမ္ပဏီကနေ ကျွန်တော်တို့ဆီကို ပေးသွင်းပြီး ဖြစ်ပါတယ်။

အမှတ်(၁) သတ္တုတွင်းလုပ်ငန်းနှင့် မြန်မာနီကယ်တို့ရဲ့ ဒီ ကုမ္ပဏီတို့ရဲ့ ထုတ်လုပ်မှုအပေါ်မှာ ခွဲဝေတဲ့လုပ်ငန်း သဘောတူစာချုပ်ကိုတော့ ၂၈ - ၇ - ၂၀၀၈ ခုနှစ်မှာ လက်မှတ် ရေးထိုးခဲ့တဲ့အတိုင်းပဲ အဲဒီကာလမှာ LME နီကယ်သတ္တုစင် (၁)မက်ထရစ်ပေါက်ဈေးဟာ အမေရိကန်ဒေါ်လာ (၂၀၀၀၀)ကျော် ပေါက်ခဲ့သော်လည်းပဲ လက်ရှိမှာတော့ အမေရိကန်ဒေါ်လာ(၁၃၀၀၀)အောက်ကို ကျဆင်းလျက် ရှိပါတယ်။ အဲဒီ ဈေးကျတဲ့ အချိန်မှာပဲ အမှတ်(၁) သတ္တုတွင်းရဲ့ ခွဲဝေမှုကို ကျွန်တော်တို့ In Kind ဖြင့် ယူပါတယ်။ ယူပြီးတော့ ဈေးပြန်လည်မြင့်ချိန်မှာတော့ ကျွန်တော်တို့ ရောင်းရန်အတွက် စီမံထားပြီးတော့ ၂၀၁၅ ခုနှစ်၊ ဧပြီ၊ ဇွန်၊ ဇူလိုင်၊ စက်တင်ဘာကနေပြီးတော့ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလအတွင်းမှာ ထုတ်လုပ်ခဲ့တဲ့ နီကယ်များကနေပြီးတော့ အမှတ်(၁) သတ္တုတွင်းခွဲဝေမှု In Kind က အားလုံး ကျွန်တော်တို့ ဖယ်ရိုနီကယ် မက်ထရစ်တန်ဟာဆိုလို့ရှိရင် ကျွန်တော်တို့ (၉၇၀.၅၉၃)မက်ထရစ်တန် ရရှိခဲ့ပါတယ်။ ဒါကိုတော့ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ထုတ်လုပ်မှုကနေ ကျွန်တော်တို့ ဌာနကနေရတာ ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်မှာ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလနှင့်ဧပြီလကနေပြီးတော့ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလအထိ ထုတ်လုပ်ခဲ့တာကိုတော့ အမှတ်(၁) သတ္တုတွင်း ကနေပြီးတော့ နီကယ် (၅၄၁.၄၆၃) မက်ထရစ်တန်ကို ကျွန်တော်တို့ ဌာနကနေပြီးတော့ ရရှိခဲ့ပါတယ်။ အဲဒီနည်းတူပဲ အမှတ်(၁) သတ္တုတွင်း ဌာန၊ ခွဲဝေမှု In Kind အဖြစ်ရရှိတဲ့ စုစုပေါင်း ဖယ်ရိုနီကယ်ကတော့ (၁၅၁၂.၀၅၆) မက်ထရစ်တန်ကို ကျွန်တော်တို့ ဖယ်ရိုနီကယ်ထုတ်လုပ်မှု၊ သိုလှောင်မှုဂိုဒေါင်ထဲမှာ သိုလှောင်ထားပြီးတော့ ဈေးတက်လာတဲ့အခါမှာ ကျွန်တော်တို့ ပြည်ပကို ရောင်းဖို့အတွက် စီစဥ်ထား ပါတယ်။

ကျွန်တော် ဝန်ထမ်းများအနေနဲ့ပတ်သက်ပြီး ကျွန်တော် ရှင်းလင်းပြပါတယ်။ မြန်မာဝန်ထမ်း ကတော့ ၃၀-၄-၂၀၁၈ ရက်နေ့မှာ မြန်မာဝန်ထမ်းဦးရေက (၁၅၉၄) ဦး ရှိပါတယ်။ ကျွန်တော်တို့ ဒီလက်မှတ်ရေးထိုးတဲ့အတိုင်းပဲ ဒီ မြန်မာနိုင်ငံသားများကို ပထမနှစ်မှာ အလုပ်သမားအင်အား စုစုပေါင်းရဲ့ (၂၅) ရာခိုင်နှုန်းထက်မနည်း၊ နောင်နှစ်များမှာ (၇၅) ရာခိုင်နှုန်းထက်မနည်း ခန့်အပ်မှာ ဖြစ်ပါတယ်။ ယခု လောလောဆယ် ခုနကျွန်တော်တင်ပြတဲ့ ၃၀-၄-၂၀၁၈ ရက်အရဆိုလို့ရှိရင် မြန်မာ ဝန်ထမ်းဦးရေက (၁၅၉၄)ဦး၊ တရုတ်ဝန်ထမ်းဦးရေက (၃၅၂)ဦးရှိပြီးတော့ စုစုပေါင်း ကျွန်တော်တို့ ဝန်ထမ်းက (၁၉၄၆)ဦး ရှိတဲ့အတွက်ကြောင့်မို့လို့ မြန်မာဝန်ထမ်းဦးရေဟာ ဝန်ထမ်းစုစုပေါင်းရဲ့ (၈၁.၉၁) ရာခိုင်နှုန်း ဖြစ်ပါတယ်။

တစ်ခါ အမြင့်မားဆုံး မြန်မာဝန်ထမ်းများကို ကျွန်တော့်အနေနဲ့ရှင်းပြပါမယ်။ မြန်မာအတတ်ပညာရှင်များကို ခေါ်ယူခန့်ထားဖို့ ဌာနကနေပြီးတော့ ကုမ္ပဏီသို့ တွန်းအားပေးချက်အရ ကုမ္ပဏီကနေပြီးတော့ ၂၁-၃-၂၀၁၇ ရက်နေ့မှာ မြန်မာ့အလင်းသတင်းစာမှာ ကြော်ငြာတဲ့ နေရာမှာ B.E (Mechnical)(၃)ဦး၊ B.E(Civil)(၁)ဦး၊ B.A (law)(၁)ဦး၊ B.C.Sc(၁)ဦး တို့လျှောက်ထားခဲ့ပါတယ်။

မန္တလေးမြို့မှာရှိတဲ့ Myanmar CNICO ရုံးမှာ လူတွေ့စစ်ဆေးရန် ဆောင်ရွက်ခဲ့တဲ့နေရာမှာ လျှောက်ထားသူများ လုံးဝလာရောက်ပြီးတော့ တွေ့ဆုံခြင်း မရှိခဲ့ပါဘူး။ အမြင့်ဆုံး မြန်မာဝန်ထမ်းတစ်ယောက်ရဲ့ ရာထူးမှာတော့ မန္တလေးရုံးခွဲမှာ ဒုတိယတာဝန်ခံ ဖြစ်ပါတယ်။ လစာအားဖြင့် (၆၅၀၀၀၀) ရပါတယ်။ တကောင်းတောင်နီကယ်စက်ရုံရဲ့ ဌာနအသီးသီးမှာ ကျွမ်းကျင်ဝန်ထမ်းများကို ခန့်ထားပြီးတော့ လေ့ကျင့်သင်ကြားမှုများကိုလည်း ဆောင်ရွက်ပေးလျက် ရှိပါတယ်။

နောက်ဆုံးမေးခွန်းဖြစ်တဲ့ ဖယ်ရိုနီကယ်စမ်းသပ်ထုတ်လုပ်ခဲ့တဲ့ ၃ - ၁၀ - ၂၀၁၂ ခုနှစ် ကနေပြီးတော့ ၃၁ - ၁၂ - ၂၀၁၇ အထိ ထုတ်လုပ်မှုစုစုပေါင်းကတော့ တန်ချိန်အားဖြင့် (၂၉၅၇၆၃.၁၅၂)တန် ဖြစ်ပါတယ်။ ကျွန်တော်တို့ ၃၀ - ၄ - ၂၀၁၈ ရက်နေ့အထိကတော့ တန်ချိန်ပေါင်း (၃၁၇၀၉၆.၆၆၀)တန် ထုတ်လုပ်ရရှိပြီး ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ် ခင်ဗျား။

ဒုတိယမေးခွန်းကို ကျွန်တော်ဆက်လက်ပြီး ဖြေကြားသွားပါမယ်။ ချင်းပြည်နယ်၊ အမှတ်(၃) မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဘွဲ့ခိန်း ၏ ချင်းပြည်နယ်ရှိ မြို့နယ်(၉)မြို့နယ် တွင် တောရိုင်းတိရစ္ဆာန်များတားဆီးကာကွယ်ထိန်းသိမ်းရန် ဘေးမဲ့တောများတည်ထောင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်ပတ်သက်ပြီးတော့ ကျွန်တော်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ သဘာဝထိန်းသိမ်းရေးနယ်မြေများဟာ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲအဆင့်အတန်းကျဆင်းမှု၊ ပျက်စီးမှုများကို အလုံးစုံကာကွယ်မှု မရှိနိုင် သော်လည်းပဲ ထိန်းသိမ်းမှုအတွက် အကောင်းဆုံးအဖြစ် အသိအမှတ်ပြုထားရပါတယ်။

မြန်မာနိုင်ငံကလည်းပဲ ကျွန်တော်အမျိုးမျိုးသော ဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဖို့အတွက် ကျွန်တော် ထိန်းသိမ်းရေးနယ်မြေများကို သတ်မှတ်ခြင်းဟာ အဓိကမူဝါဒတစ်ခုဖြစ်ပါတယ်။ အမျိုးသားသစ်တောကဏ္ဍ နှစ်(၃၀) ပင်မစီမံကိန်း (၂၀၀၁ - ၂၀၀၂ မှ ၂၀၃၀ - ၂၀၃၁ အထိ) မှာတော့ ကျွန်တော်တို့ နိုင်ငံတော်ဧရိယာရဲ့ (၁၀)ရာခိုင်နှုန်းကို သဘာဝနယ်မြေအဖြစ် သတ်မှတ်ရမယ်လို့ ကျွန်တော်တို့ ရည်မှန်းချက် ချမှတ်ထားပါတယ်။ ၂၀၁၈ ခုနှစ်၊ မတ်လအထိမှာ သဘာဝနယ်မြေပေါင်း (၄၀)ခုအထိ သတ်မှတ်ပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ စတုရန်းမိုင်အားဖြင့် (၁၅၁၂၇.၆၁) ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် နိုင်ငံတော်ဧရိယာရဲ့ (၅.၇၉) ရာခိုင်နှုန်း ဖြစ်ပါတယ်။ သဘာဝထိန်းသိမ်းရေးနယ်မြေ သတ်မှတ်ရန် ရည်ရွယ်ကြောင်း ထုတ်ပြန်တဲ့ ဧရိယာကတော့ (၁၄)ခု ရှိပါတယ်။ ဧရိယာအားဖြင့် (၅၀၅၆.၁၅)စတုရန်းမိုင်ဖြစ်ပြီး နိုင်ငံ ဧရိယာရဲ့ (၁.၉၄) ရာခိုင်နှုန်း ဖြစ်ပါ တယ်။

ချင်းပြည်နယ်မှာ မြို့နယ်(၉)မြို့နယ်ရှိပြီးတော့ ဒီမြန်မာနိုင်ငံမှာ ဇီဝမျိုးစုံမျိုးကွဲအရ အလွန်အရေးပါတဲ့ ကျွန်တော်တို့ ပြည်နယ်ကြီး တစ်ခုဖြစ်ပါတယ်။ အင်မတန်လည်းပဲ ဇီဝမျိုးစုံမျိုးကွဲ ပြည့်စုံပါတယ်။ ချင်းပြည်နယ်မှာရှိတဲ့ တောင်တန်းဂေဟစနစ်များမှာ ရှားပါးတဲ့ တိရစ္ဆာန်တွေ၊ သဘာဝအပင်တွေနဲ့ ချင်းပြည်နယ်မှာတွေ့ရတဲ့ ဒေသရင်းမျိုးစိတ် (Endemic Species) တည်ရှိပါတယ်။ ဥပမာအားဖြင့် ကျွန်တော်တို့ မျက်ခုံးဖြူ ငှက်ပြာခြောက်ဟာ ကမ္ဘာမှာ ချင်းပြည်နယ်၊ နတ်မတောင် အမျိုးသားဥယျာဉ် တစ်ခုတည်းပဲ ရှိပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်တစ်ဝှမ်းမှာရှိတဲ့ သဘာဝ

သိမ်းရေး
နယ်မြေများ သတ်မှတ်ခြင်းနှင့် သစ်တောများပြန်လည်ကောင်းမွန်ရေး(၁၀)နှစ် စီမံကိန်းများကိုလည်းပဲ ကျွန်တော်တို့ တည်ထောင်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။

အခု လက်ရှိမှာတော့ ချင်းပြည်နယ်မှာ သဘာဝထိန်းသိမ်းရေးနယ်မြေ(၂)ခု ရှိပါတယ်။ ဒါကတော့ ၂၀၁၀ ပြည့်နှစ်မှာဖွဲ့စည်းခဲ့တဲ့ ကန်ပက်လက်၊ မတူပီနှင့် မင်းတပ်မြို့နယ်တို့မှာ ကျရောက်နေတဲ့ နတ်မတောင် အမျိုးသားဥယျာဉ် ဖြစ်ပါတယ်။ ဒါအင်မတန် ထင်ရှားကျော်ကြားတဲ့ အမျိုးသားဥယျာဉ် ဖြစ်ပါတယ်။ အကျယ်အဝန်းအားဖြင့် (၂၇၅.၃၅)စတုရန်းမိုင်ရှိပါတယ်။ အဲဒီနယ်မြေအတွင်းမှာလည်းပဲ ခုနက အဲဒီနည်းတူ ပလက်ဝမြို့နယ်အတွင်းမှာ ကျရောက်နေတဲ့ ကျောက် ပန်းတောင်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောကတော့ (၅၀.၄၃)စတုရန်းမိုင် ဖြစ်ပါတယ်။ ဒီထိန်းသိမ်းရေးနယ်မြေ (၂)ခုဟာ ချင်းတောင်မှာ လက်ရှိ ရှိနေတာဖြစ်ပါတယ်။ အဲဒီနယ်မြေအတွင်းမှာ ပြောင်၊ တောဆိတ်၊ တောဝက်၊ အင်းကျား၊ ဂျီ၊ ဆတ်၊ တောကြောင် အမျိုးမျိုးနဲ့ ခုနက ကျွန်တော်တင်ပြခဲ့တဲ့ မျက်ခုံးဖြူ ငှက်ပြာခြောက် အပါအဝင် ငှက်များကို ထိန်းသိမ်းထားရပါတယ်။ ပုံများမှာ ကျွန်တော် ပြသထားပါတယ်ခင်ဗျား။

အဲဒီဟာကြောင့်မို့လို့ ဒီနတ်မတောင် အမျိုးသားဥယျာဉ်ဟာ အင်မတန်ထင်ရှားကျော်ကြားလို့ ဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်သက်လို့ စာအုပ်(၂)အုပ်ကိုလည်းပဲ ကျွန်တော်တို့ National Institute Of Biological Resources (NIBR)နှင့် International Cooperation Unit on Biodiversity and Environmental Conservation (ICUBEC) တို့ကနေပြီးတော့ ပူးပေါင်းထုတ်ဝေခဲ့ပါတယ်။ ဒီစာအုပ်ကိုလည်းပဲ ကျွန်တော်တို့ အခြားတိုင်းပြည်များကိုလည်း ကျွန်တော်တို့ဖြန့်ဝေခဲ့ပါတယ်။ လက်ရှိအားဖြင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းခဲ့တဲ့အတိုင်း ချင်းပြည်နယ်(၉)မြို့နယ် တစ်ခုလုံးကိုတော့ လွှမ်းခြုံပြီးတော့ သဘာဝထိန်းသိမ်းရေးနယ်မြေများဖွဲ့စည်းနိုင်ရေးနှင့် ပတ်သက်ပြီးတော့ ဇီဝမျိုးစုံမျိုးကွဲ စာရင်းကောက်ယူရန် လိုအပ်ခြင်း၊ သဘာဝထိန်းသိမ်းရေးဝန်ထမ်းများကို တိုးချဲ့ခန့်အပ်ရန် အခက် အခဲရှိခြင်း၊ သဘာဝနယ်မြေများဖွဲ့စည်းပြီးလို့ရှိရင်လည်းပဲ အုပ်ချုပ်ရေးမှူးများ ခန့်ထားခြင်း၊ ရုံးများ ဆောက်လုပ်ခြင်း၊ ကင်းလှည့်ထိန်းသိမ်းရေး ဆောင်ရွက်ရန်အတွက် လိုအပ်ခြင်းကြောင့် လောလောဆယ်အားဖြင့်ကတော့ ကျွန်တော်တို့ (၉)မြို့နယ်လုံးမှာ လွှမ်းခြုံ၍မဖွဲ့စည်းသေးပါကြောင်း တင်ပြအပ်ပါတယ်။

သို့သော်လည်းပဲ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်မှာ ဆက်လက်ဆောင်ရွက်နေတဲ့ သဘာဝထိန်းသိမ်းနယ်မြေအကြောင်းကို ဆက်လက် တင်ပြပါမယ်။ ဟားခါးမြို့နယ်နှင့် ထန်တလန်မြို့နယ်အတွင်းမှာ ကျရောက်လျက်ရှိတဲ့ ဗွေပါးတောင်မှာ ဧရိယာမှာ (၄၆.၈၇၅) စတုရန်းမိုင်ကိုတော့ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှာ ဖွဲ့စည်းရန် ရည်ရွယ်ကြောင်း တင်ပြထားပါတယ်။ ဗွေပါးတောင်အမျိုးသားဥယျာဉ်အဖြစ်။ အဲဒီနည်းတူပဲ ဟားခါးမြို့နယ်နှင့် ထန်တလန်မြို့နယ်အတွင်းမှာ ကျရောက်နေရှိတဲ့ ကျီးရီးယန်းတောင်ဒေသ၊ ဧရိယာ(၁၃.၁၀၄) စတုရန်းမိုင်ကိုတော့ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှာ သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် ဖွဲ့စည်းရန် ရည်ရွယ်ကြောင်းကိုလည်းပဲ ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။

ထိုနည်းတူ ဖလမ်းမြို့နယ် လေသာတောင်အတွင်းမှာရှိတဲ့ လေသာတောင် (၁၇.၂၇) စတုရန်းမိုင်ကိုလည်းပဲ ၂၀၁၈ ခုနှစ်၊ မေလအတွင်းမှာ ရည်ရွယ်ကြောင်းကြော်ငြာပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ ထိုနည်းတူပဲ ထန်တလန်မြို့နယ်မှာကျရောက်လျက်ရှိတဲ့ မီအေပီ တောင် (၁၉.၃၀) စတုရန်းမိုင်၊ ဇိန်မှုတောင်(၁၂.၄၁) စတုရန်းမိုင်၊ စာမွှန်းတောင်(၄၄.၃၀) စတုရန်းမိုင်တို့ ကိုလည်း သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကျွန်တော်တို့ အမိန့်စာ ထုတ်ပြန်ဆောင်ရွက်လျက်ရှိပါတယ်။ အခုဆောင်ရွက်နေတဲ့ လုပ်ငန်းများ ပြီးစီးသွားမယ်ဆိုရင်တော့ ချင်းပြည်နယ်မြို့နယ် (၇)မြို့နယ်အတွင်းမှာ သဘာဝထိန်းသိမ်းရေးနယ်မြေ (၈)ခု၊ စတုရန်းမိုင်အားဖြင့် (၄၇၉.၀၉၄) စတုရန်းမိုင်၊ ပြည်နယ်တစ်ခုလုံးဧရိယာရဲ့ (၃.၅)ရာခိုင်နှုန်းဖြစ်လာပြီးတော့ ဇီဝမျိုးစုံမျိုးကွဲများ ကိုလည်းပဲ ထိန်းသိမ်းစောင့်ရှောက်နိုင်မှာ ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ ချင်းပြည်နယ်မှာ ဂေဟ စနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲမှာ အရေးကြီးတဲ့နေရာများကို လေ့လာဖော်ထုတ်ပြီးတော့ ကျွန်တော်တို့ သဘာဝ ထိန်းသိမ်းရေးနယ်မြေများ သတ်မှတ်ရန်လည်းပဲ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ကြိုးပမ်းဆောင်ရွက် သွားမည် ဖြစ်ပါတယ်။

သို့ပါ၍ နိုင်ငံရဲ့သဘာဝအမွေအနှစ်များဖြစ်ပြီး လူမှုဘဝစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး နှင့် ရာသီဥတု ပြောင်းလဲမှု လျော့နည်းသက်သာရေးအတွက် အလွန်အရေးကြီးတဲ့ ဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့ရန် ထိန်းသိမ်းကာကွယ်ထားတဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေများ သတ်မှတ်ဖွဲ့စည်းရေးကို စိတ်ပါဝင်စားစွာ အလေးပေးထားတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးအား အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနှင့် မိမိတို့ဝန်ကြီးဌာနအနေနဲ့ ချင်းပြည်နယ်မှာ သဘာဝထိန်းသိမ်းရေး နယ်မြေများ တိုးချဲ့သတ်မှတ်နိုင်ရန် ဆောင်ရွက်မှုများအတွက် ခွန်အားဖြစ်ပေါ်စေပါတယ်။ သဘာဝ ထိန်းသိမ်းရေးနယ်မြေများ စီမံအုပ်ချုပ်ရေးနှင့် သတ်မှတ်ဖွဲ့စည်းမှု လုပ်ငန်းများမှာလည်း ဒေသပြည်သူ လူထုများ ထောက်ခံအားပေးမှုနှင့် ပူးပေါင်းပါဝင်လို့ရအောင် ကိုယ်စားလှယ်တော်ကြီးမှ စည်းရုံးပေး ပါရန်လည်းပဲ လေးစားစွာတင်ပြရင်းနှင့် ကျွန်တော်တို့ ချင်းပြည်နယ်မှာ သဘာဝထိန်းသိမ်းရေး နယ်မြေ များကို ကျွန်တော်တို့ သတ်မှတ်ဖွဲ့စည်းရန် အချိန်တိုအတွင်း အောင်မြင်အောင် ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခင်ဗျားစောစောက မေးခွန်းတောင် ပြီးအောင်မမေးနိုင်ဘူး။ တိုတိုမေး။

**ဦးစောမိုးမြင့်(ခ)ဆင်မြူရယ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ အင်ဂျင်နီယာ ရာထူးတွေ ခေါ်တဲ့အခါမှာ မြန်မာတိုင်းရင်းသားများက စိတ်ဝင်စားမှုမရှိလို့ လာမဖြေလို့ ပြောသွား ပါတယ်။ အဲတော့ ဒီစီမံကိန်းကြီးဟာ နောက်ထပ် (၁၀)နှစ်ကြာဦးမှာ မြန်မာအင်ဂျင်နီယာတွေ ဒီ လုပ်ငန်းကို စိတ်ဝင်စားလာအောင် ကုမ္ပဏီတွေ၊ ဝန်ကြီးဌာနတွေအနေနှင့် ဘယ်လိုများ ဆောင်ရွက်ဖို့ အစီအစဉ်ရှိသလဲ ဆိုတာကို ဆက်စပ်မေးခွန်းတစ်ခုအနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးအုန်းဝင်း (ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)**။ အဓိကကတော့ စိတ်ပါဝင်စားမှုရှိအောင်ဆိုလို့ရှိရင် ကျွန်တော်တို့ သူတို့ရဲ့ သတ်မှတ်

ထားတဲ့ အရည်အချင်း ပြည့်ဝတဲ့လူများကို ကျွန်တော်တို့ ခေါ်ယူပြီးတော့ သူတို့နှင့် ဆွေးနွေးရပါတယ်။ ဆွေးနွေးပြီးတော့ သူတို့ စိတ်ပါဝင်စားလာမယ်ဆိုမှသာ ကျွန်တော် လုပ်လို့ရမှာ။ အခု ကျွန်တော် သိရသလောက်ကတော့ သူတို့ရဲ့ စိတ်ပါဝင်စားမှုဟာ ဆိုလိုတာက လျှောက်လွှာလျှောက်တဲ့ လျှောက်လွှာရှင်များ စိတ်ပါဝင်စားမှုက လျော့နည်းခြင်းကြောင့်ဖြစ်ပါတယ်။ အဲဒါကို စိတ်ပါဝင်စားအောင်လုပ်ဖို့ ဆိုတာကတော့ ကုမ္ပဏီထက်ကို မိမိရဲ့ ခုနက ဒီပုဂ္ဂိုလ်များရဲ့ မိမိလျှောက်ထားတဲ့ လျှောက်လွှာရှင်များရဲ့ သူ့ရဲ့ စိတ်ဆန္ဒဟာ အရေးကြီးတာဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ ဆွေးနွေးဖော်ပြလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ကုမ္ပဏီကတော့ သတ်မှတ်ထားတဲ့လစာတွေကို ပေးထားပါတယ်။ ခုနက (၃)သိန်း ရှိပါတယ်။ (၄)သိန်းရှိပါတယ်။ (၂)သိန်းခွဲရှိပါတယ်။ အဆင့်ဆင့်ပေါ့လေ ပေးပါတယ်။ အဲဒီဟာများကို သူတို့ အဲဒီလစာများကို သူတို့အနေနှင့် စိတ်ပါဝင်စားမှုရှိတယ် အဲဒီမှာပေးမယ့် အခြားထောက်ပံ့မှုတွေကို စိတ်ပါဝင်စားမှုရှိတယ် ဆိုလို့ရှိရင်ကတော့ ကျွန်တော်ထင်တယ်။ လျှောက်တဲ့လူများ လာပြီးတော့ လျှောက်နိုင်ပါတယ်။ လျှောက်ပြီးတော့ လုပ်ကိုင်နိုင်မယ်လို့ ထင်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**နယ်စပ်ဒေသနှင့် နယ်စွန်နယ်ဖျားဒေသများတွင် တာဝန်ထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းများ၏ အပြောင်းအရွှေ့ ကိစ္စများနှင့် ရာထူးတိုးကိစ္စများကို ဦးစားပေး စိစစ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင် က နယ်စပ်ဒေသနှင့် နယ်စွန်နယ်ဖျားဒေသများတွင် တာဝန်ထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းများ၏ အပြောင်းအရွှေ့ ကိစ္စများနှင့် ရာထူးတိုးကိစ္စများကို ဦးစားပေး စိစစ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ အားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အမှတ်(၁၂) မဲဆန္ဒနယ်မြေ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအောင် ဖြစ်ပါတယ်။ ယနေ့ ကျင်းပတဲ့ အစည်းအဝေးမှာ နယ်စပ်ဒေသနှင့် နယ်စွန်နယ်ဖျားဒေသများတွင် တာဝန်ထမ်းဆောင်ကြတဲ့ နိုင်ငံ့ဝန်ထမ်းများ အပြောင်းအရွှေ့ လျှောက်ထားခွင့်နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းခွင့် တောင်းခံအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည် ဟူသော ဆိုရိုးစကားရှိသကဲ့သို့ ဝန်ထမ်းကောင်းတစ်ယောက်ကိုလည်း နိုင်ငံက ပြန်လည်ကြည့်ရှုစောင့်ရှောက်ပေးရန် လိုအပ်ပါတယ်။ အထူးသဖြင့် ဝေးလံခေါင်သီဒေသများ၊ နယ်စပ်ဒေသများ၊ နယ်စွန်နယ်ဖျားဒေသများတွင် တာဝန်ထမ်းဆောင်နေကြတဲ့ ဌာနဆိုင်ရာအသီးသီးမှ နိုင်ငံ့ဝန်ထမ်းများ၏ လိုအပ်ချက်၊ တောင်းဆိုချက်များကို အလေးထားဆောင်ရွက်သင့်ပါတယ်။ နယ်စပ်၊ နယ်စွန်နယ်ဖျားဒေသသို့ တာဝန်ကျလာသော ဝန်ထမ်းများသည် ရာထူးတိုးသည်ဖြစ်စေ၊ ပြစ်ဒဏ်ကြောင့်ဖြစ်စေ တာဝန်ထမ်းဆောင်နေကြရသော်လည်း ဒေသခံများကဲ့သို့ အဆင်မပြေနိုင်ကြပါ။ သက်တမ်း (၃)(၄)နှစ်အတွင်း မိမိ မိသားစုရှိရာ အဆင်ပြေမည့် နေရာတစ်ခုခုသို့ ပြောင်းရွှေ့ခွင့်ရရှိရေးအတွက် တင်ပြတောင်းဆိုမည် ဖြစ်ပါသည်။ ယခင်က (၃)နှစ်မပြည့်မီ မပြောင်းရ။ ဝန်ထမ်းဖြစ်စဉ် (၀.၈) အမှတ်များ မပြည့်မီပါက ရာထူးတိုးခွင့်၊ ပြောင်းရွှေ့ခွင့်များ မရှိကြောင်း သိရှိခဲ့ရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နယ်စပ်ဒေသတစ်ခုတွင် တာဝန်ကျေစွာ တာဝန်ထမ်းဆောင်ပြီးပါက အပြောင်းအရွှေ့လျှောက်ထားခွင့်များကို ဦးစားပေး စိစစ်ဆောင်ရွက်ပေးသင့်ပါတယ်။ သို့မှသာ ကာယကံရှင်အတွက်ရော၊ နိုင်ငံအတွက်ပါ အဆင်ပြေမည့် သဘောမျိုး တွေ့ရှိရပါတယ်။ သာဓကအနေဖြင့် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်တွင် တာဝန်ထမ်းဆောင်ခဲ့သော မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်မှူး ဒေါက်တာကျော်သန့်ဇင်သည် ဟိုပန်မြို့နယ်တွင် ၂၀၀၆ ခုနှစ်မှစတင်၍ အခြားဒေသသို့ပြောင်းရွှေ့ထမ်းဆောင်ရန် အကြိမ်ကြိမ်လျှောက်ထားခဲ့သော်လည်း (၁၁)နှစ်ကာလအထိ ပြောင်းရွှေ့ခွင့်မရခဲ့ပါ။ ကာယကံရှင်ကိုယ်တိုင် စိတ်ဝေဒနာအမျိုးမျိုးခံစားခဲ့ရပြီး ၂၀၁၈ ခုနှစ်တွင် ကွယ်လွန်သွားခဲ့ရပါတယ်။ အချို့မှာ ပြောင်းရွှေ့ခွင့်မရရှိသဖြင့် တာဝန်မှ နုတ်ထွက်ခဲ့ရသည်လည်း ရှိပါတယ်။

သို့ဖြစ်ပါ၍ ရပ်ဝေးဒေသ တာဝန်ထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းများအားလုံးအတွက် ရည်ရွယ်၍ အောက်ပါမေးခွန်းများကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။ နယ်စပ်ဒေသများနှင့် နယ်စွန်နယ်ဖျားဒေသများတွင် တာဝန်ထမ်းဆောင်နေကြတဲ့ ဌာနဆိုင်ရာဝန်ထမ်း၊ နိုင်ငံ့ဝန်ထမ်းများအားလုံးအတွက် သီးခြားကန့်သတ်ချက်များရှိပါသလား။ တာဝန်ကျရာဌာနတွင် သတ်မှတ်ကာလ မည်မျှထမ်းဆောင်ပြီးမှ အပြောင်းအရွှေ့ လျှောက်ထားခွင့်ရရှိနိုင်ပါသနည်း။ နယ်စပ်ဒေသနှင့် နယ်စွန်နယ်ဖျားဒေသများတွင် တာဝန်ထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်း၏ အပြောင်းအရွှေ့ကိစ္စနှင့် ရာထူးတိုးကိစ္စကို ဦးစားပေး စိစစ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနှင့် ပတ်သက်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၅။**

**ဒေါက်တာဝင်းသိမ်း (ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအောင် မှ နယ်စပ်ဒေသနှင့် နယ်စွန်နယ်ဖျားဒေသ များတွင် တာဝန်ထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းများ၏ အပြောင်းအရွှေ့ကိစ္စများနှင့် ရာထူးတိုး ကိစ္စများကို ဦးစားပေး စိစစ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြ မေးခွန်းကို မေးမြန်းလာပါသဖြင့် ပြည်ထောင်စု ဝန်ကြီးဌာနများအားလုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့နှင့် ပေါင်းစပ်ညှိနှိုင်းပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့က တာဝန်ယူ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းခဲ့တဲ့ ကြယ်ပွင့်ပြ မေးခွန်းကို အပိုင်း(၂)ပိုင်းခွဲ၍ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ပထမပိုင်းဖြစ်သော နယ်စပ်ဒေသနှင့် နယ်စွန်နယ်ဖျားဒေသများတွင် တာဝန်ထမ်းဆောင် နေကြတဲ့ နိုင်ငံ့ဝန်ထမ်းများ၏ အပြောင်းအရွှေ့ကိစ္စများနှင့်စပ်လျဉ်း၍ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အနေဖြင့် ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအဖွဲ့အစည်းများတစ်ခုခုမှ ပြန်တမ်းဝင် အရာရှိတစ်ဦးဦးကို အခြား ဝန်ကြီးဌာနနှင့် ဝန်ထမ်းအဖွဲ့အစည်းတစ်ခုသို့ ပြောင်းရွှေ့ခန့်ထားလိုသည့် ကိစ္စရပ်များကို နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၈ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃ မှ နည်းဥပဒေ ၂၅ အထိပါ ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ထောက်ခံ၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြပေးလျက် ရှိပါတယ်။ အမှုထမ်းများ ပြောင်းရွှေ့ခြင်းနှင့် ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ၁၇-၁၀-၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ၉/၁၅၃-ဌာနကူးပြောင်းရေး/အဖရ(၂၀၁၃)ဖြင့် ညွှန်ကြားထားသည်နှင့်အညီ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ နှစ်ဘက်ဌာန၊ အဖွဲ့အစည်းတို့၏ အပြန်အလှန် သဘောတူညီမှု၊ နေရာလစ်လပ်မှုရှိ/မရှိ၊ ကာယကံရှင်၏ ဆန္ဒပြုလျှောက်လွှာ၊ ကိုယ်ရေး ရာဇဝင်၊ ပြစ်မှု ကင်းရှင်းမှု ရှိ/မရှိ စသည့်အချက်အလက်တို့ကို ပြည့်စုံစွာ ဖော်ပြလျက် ပြည်ထောင်စု အစိုးရအဖွဲ့ရုံးသို့ တင်ပြ၍ ခွင့်ပြုချက် ရယူဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်းခဲ့တဲ့ ဒေသပြောင်းရွှေ့ခွင့်ကဲ့သို့သော ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများအတွင်း ပြောင်းရွှေ့ခြင်း များနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနအများစုမှ နယ်စပ်ဒေသနှင့် နယ်စွန်နယ်ဖျားများတွင် တာဝန်ထမ်းဆောင် လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအတွက် ပြောင်းရွှေ့ရေးမူဝါဒအဖြစ် အများဆုံး(၂)နှစ်၊ အနည်းဆုံး (၁)နှစ် သတ်မှတ်၍ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ဝန်ထမ်း၏ မိသားစုအခက်အခဲ၊ လူမှုရေး အခက်အခဲများကြောင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ပြုရန် ဆန္ဒပြုလျှောက်ထားလာပါက လုပ်ထုံး

လုပ်နည်းနှင့်အညီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ဆုံးဖြတ်ပြီး ပြောင်းရွှေ့တာဝန် ထမ်းဆောင်လိုသော ဒေသတွင် နေရာလစ်လပ်မှုမရှိပါက အနီးစပ်ဆုံးဒေသတွင် ပြောင်းရွှေ့တာဝန် ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဝန်ကြီးဌာနများမှ ဖြေကြားချက်များပေးပို့ လာပါတယ်။

ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရ (၁)နှစ်ဟု မူတစ်ရပ်သတ်မှတ်ပြီး ဆောင်ရွက်လျက်ရှိသော်လည်း ကျန်းမာရေး၊ လူမှုရေးအခက်အခဲ အမှန်တကယ်ဖြစ်ပေါ်ပါက စိစစ်၍ မူကို လျှော့ပေါ့စဉ်းစားပေးလျက်ရှိပါကြောင်းနှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှလည်း ယခင် နိုင်ငံတော်ကောင်စီရုံး၏ ၉ - ၅ - ၁၉၇၉ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ (၂၂/၇၉) နှင့် ၁၆ - ၂ - ၁၉၈၄ ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၁/၈၄) ဖြင့်ထုတ်ပြန်ထားသည့် ပြောင်းရွှေ့ပေးရေးတွင် အကျုံးဝင်သည့် ဝန်ထမ်းအမျိုးအစား သတ်မှတ်ချက်၊ လူမှုရေး အခက်အခဲဆုံး မြို့နယ်နှင့် လူမှုရေးခက်ခဲသောမြို့နယ်၌ တာဝန်ထမ်းဆောင်ရမည့် အချိန်ကာလ သတ်မှတ်ချက်များ အတိုင်း တစ်ပြေးညီ လိုက်နာကျင့်သုံးလျက်ရှိပါကြောင်း၊ ယင်းဒေသတွင် (၁)နှစ်ပြည့်ပါက ပြောင်းရွှေ့ ခွင့်လျှောက်လွှာ တင်ပြနိုင်ပါကြောင်းနှင့် တာဝန်ထမ်းကာလ တူညီနေပါက နယ်စပ်ဒေသတွင် တာဝန် ထမ်းဆောင်သူများကို ဦးစားပေးပြောင်းရွှေ့သည့်မူနှင့် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားချက် များ ပေးပို့လာခဲ့ပါတယ်။

မေးခွန်းဒုတိယပိုင်းဖြစ်တဲ့ ရာထူးတိုးကိစ္စများနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်း များအနေဖြင့် တစ်ပြေးညီ လိုက်နာကျင့်သုံးဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေတွင် ပုဒ်မ ၂၃ မှ ပုဒ်မ ၃၀ အထိလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများတွင် နည်းဥပဒေ ၂၆ မှ နည်းဥပဒေ ၅၀ အထိလည်းကောင်း တိတိကျကျ သတ်မှတ်ပြဋ္ဌာန်း ထားရှိပြီးဖြစ်ပါတယ်။ အဆိုပါ ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအရ ဝန်ထမ်းသည် ရာထူးအဆင့်အလိုက် သတ်မှတ်ထားသည့် ပညာအရည်အချင်း၊ ကျွမ်းကျင်မှုအရည်အချင်း၊ ရာထူးသက်၊ လုပ်သက်တို့နှင့် ပြည့်စုံ၍ တာဝန်ကို နိုင်နင်းစွာ ထမ်းဆောင်နိုင်သည်ဟု ယုံကြည်ကျေနပ်မှုရှိလျှင် သတ်မှတ်ချက်များနှင့်အညီ လစ်လပ် ရာထူးနေရာများ၌ ရာထူးတိုးမြှင့်ခြင်းကို ခံစားပိုင်ခွင့်ရှိသည့်အပြင် အရည်အချင်းနှင့် လုပ်ငန်း စွမ်းဆောင်ရည် မြင့်မားမှုအပေါ် မူတည်၍ သက်ဆိုင်ရာ အရည်အချင်းစစ်ဆေးရေးအဖွဲ့၏ ထောက်ခံ မှုအရ ချီးမြှင့်မြှောက်စားသည့်အနေဖြင့် ရာထူးတိုးမြှင့်ခြင်းကိုလည်း ခံစားပိုင်ခွင့်ရှိပါကြောင်းနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှလည်း တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်ထမ်းဆောင်မှု အရည်အချင်း များအပေါ် မူတည်၍ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများပါ ရာထူးတိုးမြှင့်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြည်ထောင်စုဝန်ကြီးဌာနများ အားလုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့နှင့် ပေါင်းစပ်ညှိနှိုင်းကာ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းမယ့် မေးခွန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**လယ်ယာမြေ လုပ်ပိုင်ခွင့်ပုံစံ(၇)၊ မြေစာရင်း ပုံစံ(၁၀၅)နှင့် မြေငှားဂရန်များ လျှောက်ထားရာတွင် လည်းကောင်း၊ လယ်ယာမြေ၊ ဥယျာဉ်ခြံမြေများကို အခြားနည်း အသုံးပြုခွင့် လျှောက်ထားရာတွင် လည်းကောင်း၊ လျှောက်ထားရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ကြာမြင့်ချိန်၊ အမှန်တကယ် ကုန်ကျသည့် ကုန်ကျစရိတ်နှင့် အခွန်နှုန်းထားများအား သိရှိလိုခြင်းနှင့် အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့်သိရှိ လိုက်နာနိုင်ရန် မည်သို့ စီမံဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်နန်းမိုးမိုးထွေး က လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)၊ မြေစာရင်းပုံစံ(၁၀၅)နှင့် မြေငှားဂရန်များ လျှောက်ထားရာတွင် လည်းကောင်း၊ လယ်ယာမြေ၊ ဥယျာဉ်ခြံမြေများကို အခြားနည်း အသုံးပြုခွင့် လျှောက်ထားရာတွင် လည်းကောင်း၊ လျှောက်ထားရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ကြာမြင့်ချိန်၊ အမှန်တကယ် ကုန်ကျသည့် ကုန်ကျစရိတ်နှင့် အခွန်နှုန်းထားများအား သိရှိလိုခြင်းနှင့် အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာနိုင်ရန် မည်သို့စီမံ ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၂။**

**ဒေါ်နန်းမိုးမိုးထွေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားရပါသော အမျိုးသားဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နန်းမိုးမိုးထွေး ပဲ ဖြစ်ပါတယ်ရှင်။ ကျွန်မ ဒီနေ့ အမျိုးသားလွှတ်တော်မှာ မေးမြန်းမယ့် မေးခွန်းကတော့ ခုနက ကျွန်မတို့ လွှတ်တော်ဥက္ကဋ္ဌကြီး ချပြသွားတဲ့အတိုင်းပဲဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မ ဒီမေးခွန်းကို မေးမြန်းရတဲ့အကြောင်းအရင်းကတော့ ကျွန်မတို့ရဲ့ နေထိုင်ရာဒေသ ကရင်ပြည်နယ်ကို အခြေခံပြီးတော့ မေးရခြင်းဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ ကရင်ပြည်နယ်မှာ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ (၇) တွေလျှောက်တဲ့အခါမှာ အချိန်ကြန့်ကြာတာတွေ၊ သတ်မှတ်ထားတဲ့ အချိန်တွေထက်ကို ပိုမိုပြီးတော့မှ ကြာမြင့်တယ်။ သတ်မှတ်ထားတဲ့နှုန်းထားတွေထက်ကို ပိုမိုပြီးတော့မှ ငွေကြေးတောင်းခံတာတွေရှိနေတယ်။ ပုံစံ (၁၀၅) တွေလျှောက်တဲ့အခါမှာ မြေစာရင်းကနေပြီးတော့ ကျေးရွာတွေကို ကွင်းဆင်းတိုင်းတာတဲ့အခါမှာလည်း ဒီဝန်ထမ်းတွေကို လမ်းစရိတ်ဆိုပြီးတော့ ပေးရတာတွေ အဲဒါလေးတွေကို ကျွန်မတို့ရဲ့ မဲဆန္ဒနယ်က ပြည်သူများဆီကနေပြီးတော့ ကြားသိရတာဖြစ်ပါတယ်။ နောက်ပြီးတော့ အဲဒီလို ကျန်းမာရေးနှင့် ပညာရေးအတွက် ပုံစံ (၁၀၅) ထုတ်ပေးဖို့အတွက်

တောင်မှုကို ကျွန်မတို့ ဒီဝန်ထမ်းတွေကို လမ်းစရိတ်ပေးရတာတွေရှိပါတယ်။ ကျပ်(၃၀၀၀၀)ကနေ ကျပ်(၅၀၀၀၀) အထိပေးနေရတာတွေလည်း ကြားသိရပါတယ်။

အဲ့လို အလားတူပဲ ကျွန်မတို့ရဲ့ ဘားအံမြို့ပေါ်ရပ်ကွက်တွေမှာ မြေငှားဂရန်လျှောက်တဲ့အခါ မှာလည်း ဒီဝန်ထမ်းတွေ ကွင်းဆင်းတိုင်းတာတဲ့အခါမှာ ထိုနည်းလည်းကောင်းပဲ ပေးရတာမျိုးတွေ ကျွန်မကိုယ်တိုင်ကြုံတွေ့ခဲ့ရဖူးပါတယ်။ အဲဒါအပြင်ကို ကျွန်မတို့ လယ်ယာမြေ ပိုင်ဆိုင်တဲ့အနေနဲ့ ပေါ့နော်။ တရားရုံးမှာ ကျမ်းကျိန်တဲ့အခါမှာလည်း ဒီ အခကြေးငွေတွေ ပေးနေရတာတွေလည်း ရှိပါတယ်။ ပြီးတော့ ကျွန်မတို့ရဲ့ ကရင်ပြည်နယ်မှာ လူဦးရေ တိုးတက်လာတာနှင့်အမျှရော နောက် ပြီးတော့ ဒီ လမ်းတံတားတွေ ဖောက်လုပ်လာတာနှင့်အမျှရော ကျွန်မတို့ရဲ့ ဥယျာဉ်ခြံမြေတွေ၊ လယ်ယာ မြေတွေကို နည်းလမ်းအမျိုးမျိုးနှင့် အိမ်ခြံမြေတွေအဖြစ် အကွက်ချပြီးတော့မှ ရောင်းချနေကြပါတယ်။ အဲဒီလိုဖြစ်ရတယ်ဆိုတာကလည်း ကျွန်မတို့ ကျေးလက်နေပြည်သူတွေ တော်တော်များများဟာ ဒီဥပဒေ တွေကို မသိနားမလည်တာရယ်၊ တချို့ကျတော့လည်း သိရဲ့သားနှင့်ကို ဒီဌာနဆိုင်ရာတွေရဲ့ ငွေကြေး တောင်းခံတာတွေ အချိန်ကြန့်ကြာတာတွေကြောင့် ဒါ ဒီလိုဖြစ်နေရခြင်းဖြစ်ပါတယ်။

တချို့ဆိုလို့ရှိရင် ကျွန်မတို့ ဒီ တာဝန်သိတဲ့ပြည်သူတွေကနေပြီးတော့ ဒီလယ်ယာမြေကနေ အခြားနည်းအသုံးပြုခွင့် သွားပြီးတော့ လျှောက်ထားတဲ့အခါမှာ ဒါ အချိန်ကြန့်ကြာတာကတစ်ကြောင်း ပြီးလို့ရှိရင် ကျွန်မတို့ ဒီလယ်ယာမြေရဲ့ နေရာအချက်အချာကျတဲ့အပေါ်မှာ မူတည်ပြီးတော့မှ တစ်ဧကကို စီမံခန့်ခွဲစရိတ်ဆိုပြီးတော့ ကျပ်သိန်း(၂၀)ကနေ ကျပ်သိန်း(၅၀)အထိ တောင်းခံနေတာတွေရှိတယ် ဆိုတာကိုလည်းကြားသိရပါတယ်။ နောက် တရားဝင်မလျှောက်ချင်ဘူးဆိုလို့ရှိရင် ဌာနနှင့်သွားညှိလို့ ရတယ်။ သွားညှိတဲ့အခါမှာ ဌာနကိုပေါ့ ကျပ်သိန်း(၂၀) ဆိုပြီးတော့ အဲဒီလိုမျိုးပေးရတာတွေကိုလည်း ကျွန်မရဲ့ မဲဆန္ဒနယ်ပြည်သူတွေဆီကနေပြီးတော့ကို တိုင်ကြားလာတာတွေရှိပါတယ်။ နောက် အဲဒါကြောင့် မို့လို့ ကျွန်မတို့ ပြည်သူတွေ ရင်ဆိုင်ကြုံတွေ့နေရတဲ့ အဲဒီလို အခက်အခဲတွေဟာဆိုလို့ရှိရင် ကျွန်မ တို့ရဲ့ ပြည်သူလူထုတွေကို ဒီ ဥပဒေလေးစားလိုက်နာမှုမရှိအောင် တွန်းပို့ရာလည်းရောက်ပါတယ်။ ကျွန်မတို့ နိုင်ငံတော်မှ ရသင့်ရထိုက်တဲ့ အခွန်အခတွေလည်း ဆုံးရှုံးနေရတာဖြစ်ပါတယ်။

ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်တွေအနေနှင့်ကတော့ ဒီလို မေးခွန်းဟာ ကျွန်မတို့ ဒီ ၃၀-၈-၂၀၁၂ ရက်က ထုတ်ပြန်ထားတဲ့ လယ်ယာမြေနည်း ဥပဒေမှာ အချိန်မရွေး ကျွန်မတို့ လေ့လာ ဖတ်ရှုလို့ရနိုင်ပါတယ်။ ဒါပေမယ့်လည်း ကျွန်မတို့ရဲ့ ပြည်သူတွေက ဥပဒေတွေ၊ နည်းဥပဒေတွေနဲ့ လက်လှမ်းမီဖို့ အလှမ်းဝေးလှပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ရဲ့ ပြည်သူတွေအနေနှင့် ဒီကနေ့ မေးချင်တာကတော့ ကျွန်မတို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇) မြေစာရင်းပုံစံ (၁၀၅) နှင့် ဒီမြေငှား ဂရန်တွေ လယ်ယာမြေတွေကို အခြားနည်းအသုံးပြုခွင့် လျှောက်တဲ့အခါမှာ ကြာမြင့်တဲ့လုပ်ငန်းစဉ် အဆင့်ဆင့်နှင့်ကြာချိန်တွေ နောက် အမှန်တကယ် ပေးဆောင်ရတဲ့ ကုန်ကျစရိတ်တွေ အခွန်အခတွေကို ကျွန်မတို့ ပြည်သူတွေကိုပေါ့နော် သိရှိနားလည်နိုင်အောင် ဒီဝန်ကြီးဌာနအနေနှင့် ဘယ်လိုစီမံ ဆောင်ရွက်ပေးနိုင်မလဲ။ နောက် ခုနကလို အကျင့်ပျက်ခြစားနေတဲ့ ကျွန်မတို့ ဝန်ထမ်းတချို့ကိုလည်း ဒါကို ဖော်ထုတ်ပြီးတော့ အရေးယူပေးနိုင်ဖို့ အစီအစဉ် ရှိ/မရှိ ဆိုတာကိုလည်း ဒါ ဥက္ကဋ္ဌကြီးကနေ တစ်ဆင့် လေးစားစွာ မေးမြန်းလိုက်ရပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**လျှော်ဖြူပင် (Sterculia Versicolour Wall) စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်အစိုးရက စိုက်ပျိုးရေး ပညာဖြန့်ဖြူးပေးခြင်း၊ စိုက်ပျိုးမြေ သစ်များ ဖော်ထုတ်ပေးခြင်း၊ လျှော်ဖြူပင်မှထွက်ရှိသော လျှော်ဖြူစေး တင်ပို့ရောင်းချခြင်းတို့အတွက် ဈေးကွက်ရှာဖွေမြှင့်တင်ခြင်းများ ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာဦးကြွယ်ကြွယ် က လျှော်ဖြူပင် (Sterculia Versicolour Wall) စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်အစိုးရက စိုက်ပျိုးရေးပညာ ဖြန့်ဖြူးပေးခြင်း၊ စိုက်ပျိုးမြေသစ်များ ဖော်ထုတ်ပေးခြင်း၊ လျှော်ဖြူပင်မှထွက်ရှိသော လျှော်ဖြူစေး တင်ပို့ရောင်းချခြင်းတို့အတွက် ဈေးကွက်ရှာဖွေမြှင့်တင်ခြင်းများ ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၇။**

**ဒေါက်တာဦးကြွယ်ကြွယ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာဦးကြွယ်ကြွယ် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လျှော်ဖြူပင်ကို ဆေးကုလားမစေးထွက်ရှိတဲ့အတွက် ဆေးကုလားမပင်လို့လည်း ခေါ်ဆိုကြပြီး သိပ္ပံအမည်ကတော့ Sterculia Versicolour Wall ဖြစ်ပါတယ်။ မြန်မာနိုင်ငံ ဇာတိမွေးချင်းဖြစ်ပြီး အပူပိုင်းဒေသတွေဖြစ်တဲ့ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတွေမှာ သဘာဝအတိုင်း ပေါက်ရောက်ပါတယ်။ မိုးနည်းပြီးခြောက်သွေ့တဲ့ ရာသီဥတုမှာ ရှင်သန်ဖွံ့ဖြိုးတဲ့အတွက် မိုးရေပိုမိုလိုအပ်သော အခြား ရာသီသီးနှံများ ဖြစ်ထွန်းရန် ခက်ခဲသော ကျွန်တော်၏ မဲဆန္ဒနယ်ဖြစ်တဲ့ တောင်သာမြို့နယ်နှင့် နွားထိုးကြီးမြို့နယ်များမှာ စိုက်ပျိုးပါက အောင်မြင်ဖြစ်ထွန်းနိုင်မည် ဖြစ်ပါတယ်။ လျှော်ဖြူပင်စည်မှထွက်ရှိတဲ့ လျှော်ဖြူစေး(ခ)ဆေးကုလားမစေးဟာ ဈေးကွက်ဝင်လာပြီး တဖြည်းဖြည်း ဈေးကောင်းရလာတဲ့အတွက် တောင်သူလယ်သမားများဟာ သစ်တောများတွင် ပေါက်ရောက်လျက်ရှိတဲ့ သဘာဝ အပင်ပေါက်ကလေးများကို မိမိနည်း၊ မိမိဟန်ဖြင့် တူးယူရွှေ့ပြောင်းစိုက်ပျိုးခြင်း၊ သဘာဝ အလေ့ကျအပင်၏ အသီးများမှ အစေ့ကိုထုတ်ယူ၍ ပျိုးထောင်စိုက်ပျိုးခြင်း ပြုလုပ်ပြီး အစေးထုတ်ယူရောင်းချ၍ အပိုဝင်ငွေရရှိအောင် ကြိုးစားလုပ်ကိုင်လာကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ လျှော်ဖြူစေး(ခ)ဆေးကုလားမ(ခ) Sterculia Versicolour Wall ကို စားသောက်ကုန်လုပ်ငန်းမှ အဓိကအသုံးပြုလျက်ရှိပြီး ဆေးဝါးနှင့် အလှကုန်လုပ်ငန်းများ၊ အထည်အလိပ်လုပ်ငန်း၊ ပုံနှိပ်လုပ်ငန်း၊ အထူးပြုဖန်ထည်၊ မှန်ထည် ထုတ်လုပ်ရေးလုပ်ငန်းများမှာလည်း ကျယ်ပြန့်စွာ အသုံးပြုလျက်ရှိပါတယ်။ လျှော်ဖြူစေး(ခ)ဆေးကုလားမဈေးဟာ

တဖြည်းဖြည်း ဝယ်လိုအားကောင်းလာပြီး ဈေးကွက်မှာတွင်ကျယ်လာပါတယ်။ မြန်မာလျှော်ဖြူ စိုက်ပျိုးသူများဟာ မိမိတို့နယ်ရှိ ဈေးများမှာ ကုန်သည်၊ ပွဲစားများကို ရောင်းချပြီး အဓိကအားဖြင့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံများကို နယ်စပ်ဖြတ်ကျော် တင်ပို့ရောင်းချကြတာဖြစ်ပါတယ်။ လျှော်ဖြူပင်တစ်ပင်ဟာ လျှော်အစေးထုတ်ချိန် တစ်ရာသီမှာ လျှော်ဖြူစေး (၂)ပိဿာကနေ (၄)ပိဿာထိ ထွက်ရှိနိုင်ပါတယ်။ ယခုနှစ် ပေါက်ဈေးအရဆိုရင် အရည်အသွေးအလိုက် တစ်ပိဿာရောင်းဈေး ကျပ် (၂၅၀၀၀) ကနေ ကျပ် (၆၀၀၀၀)အထိ ရှိပါတယ်။ နောက် တစ်ဧကလျှင် အပင်(၂၀၀)ကနေ (၃၀၀)အထိ စိုက်ပျိုးနိုင်တာကြောင့် လျှော်ဖြူ (၁)ဧက စိုက်ပျိုးထားတဲ့ တောင်သူတစ်ဦးဟာ အနည်းဆုံးထွက်နှုန်းနှင့် အနည်းဆုံးပေါက်ဈေးတို့ကို တွက်ချက်မယ်ဆိုရင်တောင်မှ (၁)နှစ်ကိုဝင်ငွေ ကျပ်သိန်း(၁၀၀)နီးပါးလောက် ရရှိမှာဖြစ်လို့ တောင်သူလယ်သမားများရဲ့ လူမှုစီးပွားများ များစွာတိုးတက်လာမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံလူဦးရေရဲ့ (၇၀)ရာခိုင်နှုန်းသော ကျေးလက်နေ တောင်သူလယ်သမားများက နိုင်ငံ့(G.D.P)ရဲ့ (၄၀)ရာခိုင်နှုန်းခန့်ကို ဖြည့်တင်းနေသူများဖြစ်ပြီး နိုင်ငံခြားပို့ကုန် (၂၅)ရာခိုင်နှုန်းကနေ (၃၀)ရာခိုင်နှုန်းဟာ လယ်ယာထွက်ကုန်များမှ ရရှိခြင်းဖြစ်ပါတယ်။

တောင်သူလယ်သမားများရဲ့ ထွက်ကုန်တိုးတက်လာပြီး စီးပွားရေးဖွံ့ဖြိုးလာမှ အခြားဆက်စပ်ကုန်သွယ်ရေးလုပ်ငန်းများ၊ စက်မှုကုန်ထုတ်လုပ်ငန်းများလည်း တိုးတက်လာမှာဖြစ်ပါတယ်။ တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ် လုပ်ကိုင်လျက်ရှိကြတဲ့ ဆန်စပါး၊ ပဲ၊ ပြောင်းစတဲ့ ပုံမှန်ရာသီ သီးနှံများဟာ မိုးလေဝသကို တည်မှီနေရခြင်း၊ လယ်ယာသွင်းအားစုပစ္စည်း ဈေးနှုန်းမြင့်မားလာခြင်း၊ လယ်ယာလုပ်သား ရှားပါးခြင်း၊ လယ်ယာထွက်ကုန်ဈေးကွက် မတည်ငြိမ်ခြင်းတို့ကြောင့် တောင်သူလယ်သမားများ ခက်ခဲစွာရုန်းကန်နေကြရပါတယ်။ ထိုအခက်အခဲကို လျှော်ဖြူစိုက်ပျိုးခြင်းဖြင့် တစ်ဖက်တစ်လမ်းမှ ဖြေရှင်းပေးနိုင်မှာဖြစ်ပါတယ်။ လျှော်ဖြူပင်ဟာ မြန်မာနိုင်ငံရဲ့ မူရင်းဇာတိမျိုးနွယ်ပင်ဖြစ်ခြင်း၊ ပူပြင်းခြောက်သွေ့သော ရာသီဥတုဒဏ် ခံနိုင်ရည်ရှိခြင်း၊ နည်းပညာများ အထူးမလိုအပ်ဘဲ အရင်းအနှီး၊ ကုန်ကျစရိတ် နည်းပါးခြင်း၊ နှစ်တိုကာလအတွင်း ဝင်ငွေရရှိနိုင်ခြင်း၊ ထုတ်လုပ်တဲ့ ကုန်ထုတ်ဈေးကွက်ခိုင်မာခြင်း၊ နိုင်ငံခြားငွေရရှိနိုင်ခြင်း၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှုကို အထောက်အကူပြုခြင်း၊ နေ့စဉ်၊ အပတ်စဉ် ဝင်ငွေရရှိသဖြင့် တောင်သူလယ်သမားများရဲ့ ဘဝလိုအပ်ချက်အခြေအနေနှင့် ကိုက်ညီခြင်းတို့ကြောင့် လျှော်ဖြူပင်စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်အစိုးရက စိုက်ပျိုးရေး နည်းပညာ ဖြန့်ဖြူးပေးခြင်း၊ စိုက်ပျိုးမြေအသစ်များ ဖော်ထုတ်ပေးခြင်း၊ လျှော်ဖြူပင်မှ ထွက်ရှိသော လျှော်ဖြူစေး တင်ပို့ရောင်းချခြင်းအတွက် ဈေးကွက်ရှာဖွေမြှင့်တင်ခြင်းများ ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျေးလက်နေတောင်သူလယ်သမားများကိုယ်စား မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

လျှော်ဖြူပင်(ခေါ်) ဆေးကုလားမပင်(Sterculia Versicolor Wall) ပြပုံ(လ)



လျှော်ဖြူပင်စိုက်ပျိုးထားသည့် မြင်ကွင်းပုံ(လ-၁)



လျှော်ဖြူပင်စည်မှ အစေးများထွက်ရှိနေသည့် မြင်ကွင်းပုံ(လ-၂)



**ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ လဲချားမြို့နယ်၊ မြို့မကျေးရွာအုပ်စုအတွင်းရှိ ကန်ရေသောက် လယ်များမှ မှီခိုအားထားနေရသည့် တိမ်ကောစပြုနေသော နောင်ခမ်းကန်အား ပြန်လည်ပြုပြင် ထိန်းသိမ်း ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းအောင် က ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ လဲချားမြို့နယ်၊ မြို့မကျေးရွာအုပ်စုအတွင်းရှိ ကန်ရေသောက် လယ်များမှ မှီခိုအားထားနေရသည့်တိမ်ကောစပြုနေသော နောင်ခမ်းကန်အား ပြန်လည်ပြုပြင် ထိန်းသိမ်း ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၂။**

**ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင် ကိုယ်စားပြု အမျိုးသားလွှတ်တော် ကိုယ်စားလှယ် စိုင်းထွန်းအောင် ဖြစ်ပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ လဲချားမြို့နယ်၊ မြို့မကျေးရွာ အုပ်စုအတွင်းရှိ ကန်ရေသောက်လယ်များမှ မှီခိုအားထားနေရသည့် တိမ်ကောစပြုနေသော နောင်ခမ်း

ကန်အား ပြန်လည်ပြုပြင် ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ/မရှိနှင့်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း တင်ပြ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လဲချားမြို့နယ်အတွင်းရှိ နောင်ခမ်းကန်သည် လဲချားမြို့နှင့်ကပ်လျက် တည်ရှိနေပြီး ကန်အတွင်းသို့ စီးဆင်းလာသောရေများသည် လဲချားမြို့အနောက်ဘက်ရှိ နမ့်တောင်းချောင်းမှရေများအား မြို့ဝင်ရေချောင်းများအဖြစ် သွယ်တန်းစီးဝင်စေပြီး မြို့ဝင်ရေချောင်းများအားလုံးမှ ပြန်ထုတ်သောရေများကို စုစည်းသိုလှောင်ထားသော တစ်ခုတည်းသော ရေစုကန် ဖြစ်ပါသည်။ ရေကန်မှရေများကို ရေလွှဲပေါက်၊ ရေထုတ်ပြွန်ပေါက်များဖြင့် မြို့မအုပ်စုအတွင်းရှိ လယ်အချို့အား ကန်ရေသောက်လယ်များအဖြစ် အကျိုးပြုလျက်ရှိပါတယ်။ အဆိုပါလယ်များဟာ ကန်ရဲ့မြောက်ဘက်၊ အရှေ့ဘက်နှင့် တောင်ဘက်တို့တွင်ကပ်လျက် တစ်ဆက်တစ်စပ်တည်း တည်ရှိနေပါတယ်။ ကန်ရေဖြည့်လယ်များတွင် စပါးများသီးထပ်စိုက်ပျိုးခြင်း၊ စီးပွားဖြစ်ကြက်သွန်ဖြူများ၊ ရာသီသီးနှံများစိုက်ပျိုးခြင်းစသည့် စိုက်ပျိုးရေးလုပ်ငန်းများကို ရာသီမပြတ် စိုက်ပျိုးနိုင်စေခဲ့ပါတယ်။ အဆိုပါနောင်ခမ်းကန်သည် ယခင်စော်ဘွားများလက်ထက် နှစ်ပေါင်းများစွာကတည်းက တည်ရှိနေသောရေကန် ဖြစ်ပါတယ်။

အဆိုပါနောင်ခမ်းကန်အား ဆက်လက်ပြုပြင် ထိန်းသိမ်းနိုင်ခဲ့ခြင်း မရှိတဲ့အတွက် မူလကန်အကျယ်၏ သုံးပုံနှစ်ပုံခန့်မှာ တိမ်ကောသွားပြီး စိုက်ပျိုးမြေများအဖြစ် ပြောင်းလဲသွားပါတယ်။ ယခုလက်ရှိ မူလကန်အကျယ်အဝန်းရဲ့ သုံးပုံတစ်ပုံခန့်ဖြင့်သာ ကျန်ရှိတော့ကြောင်းသိရပါတယ်။ ကျန်ရှိသောကန်အကျယ်ဖြင့်သာ ရေများကိုစုစည်းပြီး ကန်ရေသောက်လယ်အတွက် အကျိုးပြုလျက်ရှိနေပါတယ်။ ယခုအခါ နောင်ခမ်းကန်သည် တဖြည်းဖြည်းတိမ်ကောစပြုနေပြီဖြစ်သဖြင့် အချိန်မီ ဆက်လက်ပြုပြင်ထိန်းသိမ်းနိုင်ခဲ့ခြင်းမရှိပါက နောင်တွင် ရေကန်မှာ လုံးဝပျောက်ကွယ်သွားပြီး ကန်ရေသောက်လယ်များမှာလည်း လယ်ကောများဖြစ်သွားနိုင်ပါတယ်။ ထို့ကြောင့် နောင်ခမ်းကန်ကြီး မတိမ်ကောစေရေးအတွက် အချိန်မီပြုပြင်ထိန်းသိမ်းရန် အထူးလိုအပ်လျက် ရှိနေပါတယ်။ နောင်ခမ်းကန်ရဲ့ ကန်ပေါင်များမှာလည်း မြေသားကန်ပေါင်များသာ ဖြစ်တဲ့အတွက်ကြောင့် ရေကန်ရဲ့တောင်ဘက်အခြမ်းရှိ ကန်ပေါင်မှမြေသားများ နိမ့်ကျနေတဲ့အတွက် မိုးရာသီတွင် ကန်ရေများမြင့်တက်လာတဲ့အခါ ကန်ရေများဟာ ကန်ပေါင်ကိုကျော်လွန်ပြီး လယ်အချို့ကို ရေလွှမ်းပျက်စီးသွားစေခြင်းများ ဖြစ်ပေါ်ခဲ့ဖူးပါတယ်။ ရေထိန်းတံခါးမှာလည်း ပျက်စီးနေပြီဖြစ်ပါတယ်။ ထို့ကြောင့် ကန်ရေများကို အကျိုးရှိရှိ ဆက်လက်အသုံးချနိုင်ရေးအတွက် ရေကန်ပေါင်များကိုလည်း အချိန်မီပြုပြင် ထိန်းသိမ်းပေးရန် အထူး လိုအပ်လျက်ရှိနေပါတယ်။ နောင်ခမ်းကန်နှင့် ကန်လယ် ကန်ရေသောက် လယ်အနေအထားပြ ဓာတ်ပုံများကိုလည်း မေးခွန်းနှင့်အတူ တင်ပြထားပြီးဖြစ်ပါတယ်။

နောင်ခမ်းကန်သည် လဲချားမြို့နှင့်ကပ်လျက် တည်ရှိနေသည့်အတွက် အဆိုပါ နောင်ခမ်းကန်အား ဆက်လက်ပြုပြင်ထိန်းသိမ်းနိုင်ပါက မြို့အင်္ဂါရပ်နှင့်အညီ မြို့သာယာလှပရေးကို ဖြစ်ပေါ်စေနိုင်သည့်အပြင် ကန်ရေသောက် လယ်ဧကများကိုလည်း ထပ်မံတိုးချဲ့စိုက်ပျိုးနိုင်ကြမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ လဲချားမြို့နယ်၊ မြို့မကျေးရွာအုပ်စုအတွင်းရှိ ကန်ရေသောက်လယ်များမှ မှီခိုအားထားနေရသော၊ တိမ်ကောစပြုနေသော နောင်ခမ်းကန်အား

သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်လည်ပြုပြင် ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနှင့် ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၀၅။**

**ဦးလှကျော်( ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးစွာ ကရင်ပြည်နယ် အမှတ်(၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုးမိုးထွေး ရဲ့ မေးခွန်းအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးလှကျော် မှ ပြန်လည်ရှင်းလင်း ဖြေကြားပေးပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းမှာ အပိုင်း(၄)ပိုင်း ပါရှိပါတယ်။ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)ကိစ္စ၊ မြေစာရင်းပုံစံ (၁၀၅)ကိစ္စ၊ မြေငှားဂရန် လျှောက်ထားမှုကိစ္စနှင့် လယ်ယာမြေဥယျာဉ်၊ ခြံမြေတွေကို အခြားနည်း အသုံးပြုခွင့်နဲ့စပ်လျဉ်းပြီး လျှောက်ထားတဲ့ ကိစ္စရပ် တွေမှာ ဆောင်ရွက်ရတဲ့ လုပ်ငန်းစဉ်အဆင့်ဆင့် (Procress)၊ ကြာမြင့်ချိန်ကုန်ကျစရိတ်နှင့် အခွန်နှုန်း ထားတွေ သိရှိလိုခြင်းနှင့် အများပြည်သူတွေ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်စေဖို့အတွက် အစီအမံများ မေးမြန်းထားခြင်းဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဥက္ကဋ္ဌကြီးထံ တင်ပြ မေးမြန်းထားတဲ့အထဲမှာ ပြည်နယ်၊ ဒေသတွင်း ဖြစ်ပျက်နေတဲ့ အကြောင်းအချင်းအရာ ကိစ္စရပ်များတွေလည်း ပါဝင်တဲ့အလျောက် ယင်းနှင့်စပ်လျဉ်းပြီးတော့လည်း မိမိရဲ့အဖြေမှာ ထည့်သွင်းဖြေကြား ပေးပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးစွာ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု ပုံစံ(၇) လျှောက်ထားခြင်း လုပ်ငန်း စဉ်နှင့်ပတ်သက်ပြီးတော့ ဖြေကြားပေးပါမယ်။ ဒီလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး ၂၀၁၂ ခုနှစ်၊ လယ်ယာ မြေဥပဒေနှင့် နည်းဥပဒေမှာ ပြဋ္ဌာန်းပြီးသားလည်းဖြစ်တဲ့အတွက် လုပ်ငန်းအဆင့်အလိုက် အကျဉ်းချုပ် တင်ပြပေးသွားမှာဖြစ်ပါတယ်။ လယ်ယာမြေကို အသုံးပြုခွင့်လျှောက်ထားသူဟာ လုပ်ပိုင်ခွင့် လျှောက်လွှာ ပုံစံ(၁)ကို သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှာ အခမဲ့ရယူပြီး အဲဒီ ပုံစံမှာ ဖြည့်စွက်လို့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကနေ တစ်ဆင့် မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနကို လျှောက်ထားရပါမယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့အနေနဲ့ လုပ်ပိုင်ခွင့်လျှောက်လွှာကို လက်ခံရရှိတဲ့နေ့ကနေ ရက်ပေါင်း (၃၀)အတွင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးကို စိစစ် ထောက်ခံချက်နှင့် ပေးပို့ရပါတယ်။ မြို့နယ်ဦးစီးရုံးက လက်ခံရရှိတဲ့လျှောက်လွှာကို လျှောက်လွှာ လက်ခံရရှိတဲ့နေ့မှ (၁၅)ရက်အတွင်း ကန့်ကွက်လွှာ ထုတ်ဆင့်နှင့် ကြေညာ ပုံစံ(၂)နှင့် မြို့နယ်ရုံးနှင့်

လယ်ယာမြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးရုံးများမှာ ကြော်ငြာတဲ့နေ့ကစပြီး ရက်ပေါင်း(၃၀)အတွင်းကို ကန့်ကွက်မယ့်သူရှိမည်ဆိုရင် ကန့်ကွက်နိုင်ကြောင်း ဖော်ပြကြော်ငြာရပါတယ်။ ကန့်ကွက်ချက် တစ်စုံတစ်ရာရှိမယ်ဆိုရင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဟာ (၇)ရက်အတွင်း စုံစမ်းစစ်ဆေးတွေ့ရှိချက်ကို မြို့နယ်ရုံးကို တင်ပြရမှာဖြစ်ပါတယ်။ မြို့နယ်ရုံးအနေနှင့် တင်ပြချက်ကို လက်ခံရရှိတဲ့အခါမှာ ရက်ပေါင်း(၃၀)အတွင်း သဘောထားမှတ်ချက်နှင့်အတူ သက်ဆိုင်ရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို တင်ပြရမှာ ဖြစ်ပါတယ်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လိုအပ်တာစိစစ်မှုနှင့်အတူ (၇)ရက်အတွင်းမှာ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ကို သဘောထားမှတ်ချက်နဲ့ တင်ပြရမှာဖြစ်ပါတယ်။ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့အနေနှင့် ထပ်ဆင့်စိစစ်မှုတွေ ဆောင်ရွက်ပြီးတဲ့နောက်မှာ လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်ထားချက်ကို ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း ဆုံးဖြတ်ပြီး မြို့နယ်ရုံးကို လုပ်ငန်း စာတွဲလက်ခံရရှိတဲ့နေ့ကနေ (၁၅)ရက်အတွင်း အကြောင်းကြား ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ရဲ့ ခွင့်ပြုကြောင်း အကြောင်းကြားချက် ရရှိပြီဆိုရင် လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိသူကို လုပ်ပိုင်ခွင့် မှတ်ပုံတင်စေဖို့အတွက် ဦးစီးဌာနရဲ့ ငွေစာရင်းကို မှတ်ပုံတင်ကြေး (၅၀၀)ကျပ်ပေးသွင်းရပါတယ်။ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူတွေဟာ မှတ်ပုံတင်စာရင်းပုံစံ (၅)မှာ မှတ်တမ်းတင်ပြီးတော့ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ကို တင်ပြခြင်းနဲ့ ခရိုင်လယ်ယာမြေ စီမံ ခန့်ခွဲမှုအဖွဲ့ရဲ့ အကြောင်းကြားချက်အရ ငြင်းပယ်ခြင်းခံရတဲ့သူကို လယ်ယာမြေလုပ်ပိုင်ခွင့် ငြင်းပယ်ခံရသူများ မှတ်ပုံတင်စာရင်း(၆)မှာ မှတ်တမ်းတင်ပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို တင်ပြရမှာ ဖြစ်ပါတယ်။

မြို့နယ်အဖွဲ့အနေနဲ့ ခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ အကြောင်းကြားချက်နှင့်အညီ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ထုတ်ပေးခြင်းနှင့် ငြင်းပယ်ခံရသူ လျှောက်ထားချက်ကို ငြင်းပယ်ကြောင်း အကြောင်းကြားစာ ပုံစံ(၈) ပေးပို့အကြောင်းကြားရပါတယ်။ သို့ဖြစ်တဲ့အတွက် ပြန်လည်ချုပ်လိုက်ရမယ်ဆိုရင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုပုံစံ(၇) စတင်လျှောက်ထားတာကနေ ပုံစံ(၇) ထုတ်ပေးသည်အထိ ကန့်ကွက်မှု မရှိရင်တော့ (၁၁၁)ရက် ကြာမြင့်မှာဖြစ်ပါတယ်။ ကန့်ကွက်မှု ရှိမယ်ဆိုရင် (၁၅၅)ရက် ကြာမြင့်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြေစာရင်းပုံစံ(၁၀၅) လျှောက်ထားရမယ့် လုပ်ငန်းစဉ်အဆင့်ဆင့်နဲ့ ကုန်ကျစရိတ်နှင့်ပတ်သက်ပြီး ဆက်လက်ရှင်းလင်းတင်ပြပါ့မယ်။ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေနဲ့ ပြည်သူတွေ အလွယ်တကူသုံးစွဲနိုင်ဖို့အတွက် ဌာနမှာသိမ်းဆည်းထားရှိတဲ့ တည်ဆဲနှစ်အတွင်း အသုံးပြုတဲ့ စာရင်းမြေပုံတွေ၊ မိတ္တူ သို့မဟုတ် ကောက်နုတ်ချက် မြေစာရင်းပုံစံ(၁၀၅) သက်သေခံမြေပုံ ဖြစ်ပါတယ်။ မြေစာရင်းပုံစံ(၁၀၆) ဦးပိုင်တစ်ခုရဲ့ ရာဇဝင်တွေကို မြေစာရင်းလက်စွဲ ဥပဒေတည်ဆဲအမိန့်၊ ညွှန်ကြားချက်နှင့်အညီ ရေးကူးဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြေစာရင်းပုံစံ (၁၀၅) လျှောက်ထားတဲ့သူဟာ မြေစာရင်းပုံစံ(၁၀၃) မြေစာရင်းမြေပုံနှင့် မှတ်တမ်းများ ရေးကူးခွင့်လျှောက်လွှာပုံစံနဲ့ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနထံ လျှောက်ထား ရပါတယ်။ မြေစာရင်းပုံစံ(၁၀၃)ရဲ့ အပိုင်း(ခ) မြေစာရင်း၊ မြေပုံနှင့် မှတ်တမ်းများ မိတ္တူရေးကူးခွင့် လျှောက်ထားခြင်းကို လျှောက်ထားသူကိုယ်တိုင် ရေးသွင်းဖော်ပြပြီး လက်မှတ်ရေးထိုးပေးရမှာဖြစ် ပါတယ်။

မြေစာရင်းပုံစံ(၁၀၅) ရေးကူးလိုတဲ့ မြေကွက်၊ အကြောင်းအရာ၊ အချက်အလက်တွေကို သက်ဆိုင်ရာစာရင်း၊ မြေပုံနဲ့တိုက်ဆိုင်ပြီး မှန်ကန်စွာ ရေးသွင်းဖော်ပြရမှာလည်း ဖြစ်ပါတယ်။ လျှောက်ထားသူမှ ရေးကူးလိုတဲ့ အကြောင်းအရာကိုလည်းပဲ ဖော်ပြပေးရမှာဖြစ်ပါတယ်။ လျှောက်လွှာမှာ ပိုင်ဆိုင်သူ သို့မဟုတ် သက်ဆိုင်သူကိုယ်တိုင် လျှောက်ထားရမှာဖြစ်ပြီး ပိုင်ဆိုင်ကြောင်း သို့မဟုတ် တစ်နည်းနည်းနှင့် သက်ဆိုင်ကြောင်း အထောက်အထား၊ ဖြစ်မယ်ဆိုရင်လည်း အထောက်အထား တင်ပြရပါမယ်။ ကိုယ်စားလှယ်က လျှောက်ထားရင်တော့ တရားဝင်ကိုယ်စားလှယ်လွှဲစာကို ပူးတွဲတင်ပြရမှာဖြစ်ပါတယ်။ မြေစာရင်းမြေပုံနှင့် မှတ်တမ်းများ မိတ္တူရေးကူးခွင့် လျှောက်ထားရာမှာ လျှောက်ထားတဲ့ဦးပိုင်တစ်ခုအတွက် ၂၀၁၄ ခုနှစ်၊ ရုံးခွန်အက်ဥပဒေကို ပြင်ဆင်တဲ့ဥပဒေအရ ရုံးခွန်တံဆိပ်ခေါင်းဖိုး (၅၀)ကျပ် ကပ်နှိပ်အသုံးပြု ဆောင်ရွက်လျက်ရှိပါတယ်။ လျှောက်ထားသူအနေနဲ့ အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြလာမယ်ဆိုရင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေနဲ့ မြေစာရင်းပုံစံ(၁၀၅) ရေးကူးခြင်းကို (၁၅)ရက်အတွင်း ရေးကူးပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းပါ မြေငှားဂရန်လျှောက်ထားမှုကတော့ လျှောက်ထားရမယ့် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် စပ်လျဉ်းပြီးတော့ ဆက်လက်ရှင်းလင်း ဖြေကြားပေးပါမယ်။ မြေငှားဂရန် လျှောက်ထားတာကိုတော့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားရခြင်းဖြစ်ပါတယ်။ အဲဒီလိုလျှောက်တဲ့နေရာမှာ မြေစာရင်းပုံစံ(၁၀၅)၊ (၁၀၆) လိုအပ်ပါတယ်။ မြေစာရင်းပုံစံ(၁၀၅) (၁၀၆) အတွက်ကိုတော့ မိမိ ရှင်းလင်းဖြေကြားခဲ့တဲ့အတိုင်း လုပ်ငန်းစဉ်အဆင့်ဆင့်ကို (၁၅)ရက်အတွင်း ရေးကူးဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး လယ်ယာမြေ၊ ဥယျာဉ်ခြံမြေများကို အခြားနည်းအသုံးပြုခွင့် လျှောက်ထားမှုနှင့် စပ်လျဉ်းပြီး လုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းလင်းတင်ပြပါ့မယ်။ အခြားနည်းအသုံးပြုခွင့်နှင့် ပတ်သက်လို့ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေစီမံခန့်ခွဲရေးဥပဒေမှာ ပြဋ္ဌာန်းထားပြီးဖြစ်တဲ့အတွက် လုပ်ငန်းစဉ်အဆင့်ဆင့်အရ တင်ပြရမယ်ဆိုရင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဟာ လယ်မြေကို အခြားနည်းအသုံးပြုနိုင်ဖို့အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ရဲ့ စိစစ်ထောက်ခံချက်နှင့် တင်ပြလာတဲ့အပေါ်မှာ ခွင့်ပြုနိုင်တယ်လို့ ပြဋ္ဌာန်းထားရှိပြီးလည်း ဖြစ်ပါတယ်။ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဟာ လယ်မြေမှတစ်ပါးဖြစ်တဲ့ လယ်ယာမြေကို အခြားနည်း အသုံးပြုနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ထောက်ခံချက်နဲ့ ၎င်းတို့ခွင့်ပြုပေးနိုင်တာ ဖြစ်ပါတယ်။

လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့် ရရှိလိုတဲ့လူဟာ မြို့နယ်ရုံးကို လျှောက်ထားရမှာဖြစ်ပြီး မြို့နယ်ဦးစီးရုံးဟာ ရက်ပေါင်း(၃၀)အတွင်း လုပ်ငန်းစာတွဲကို စိစစ်ပေးရပါတယ်။ မြို့နယ်ဦးစီးရုံးဟာ သဘောထားမှတ်ချက်နှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို တင်ပြရမှာ ဖြစ်ပါတယ်။ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဟာ (၁၅)ရက်အတွင်းစိစစ်ပြီး ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး၊ ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ဆက်လက်တင်ပြရမှာ ဖြစ်ပါတယ်။ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဟာ နေပြည်တော်ကောင်စီ၊ တိုင်း

ဒေသကြီး၊ ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက သဘောထားမှတ်ချက်နှင့် တင်ပြလာတဲ့ လယ်ယာမြေပေါ်မှာ အခြားနည်း သုံးစွဲခွင့်နှင့်စပ်လျဉ်းပြီးတော့ ခွင့်ပြုမယ်ဆိုရင် အသုံးပြုဖို့ ခွင့်ပြုမိန့်ပုံစံ(၁၅) ထုတ်ပေးရမှာဖြစ်ပါတယ်။ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဟာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ သဘောထားမှတ်ချက်နဲ့ တင်ပြလာတဲ့ လယ်မြေမှတစ်ပါး အခြားလယ်ယာမြေအပေါ်မှာတော့ အခြားနည်းသုံးစွဲခွင့်နှင့် စပ်လျဉ်းပြီး အသုံးပြုရန် ခွင့်ပြုမိန့်ပုံစံ ၁၅(က)ကို ထုတ်ပေးရမှာ ဖြစ်ပါတယ်။

လယ်ယာမြေအခြားနည်းအသုံးပြုခွင့် လျှောက်ထားရာမှာ လျှောက်ထားလိုသူများ အမှန်တကယ် အသုံးပြုမည်ဖြစ်ကြောင်း ကတိခံဝန်ချက်၊ လုပ်ငန်းစီမံချက်၊ အသုံးပြုမယ့် အဆောက်အအုံပြမြေပုံ (Site Plan)၊ လုပ်ငန်းအမျိုးအစားအပေါ် မူတည်ပြီး သက်ဆိုင်ရာဦးစီးဌာနရဲ့ ထောက်ခံချက်၊ ရပ်ကွက်၊ ကျေးရွာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကနေ စတင်ပြီးတော့မှ လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်တို့ရဲ့ သဘောထားမှတ်ချက်၊ ဝန်ကြီးဌာနရဲ့သဘောထားမှတ်ချက်များ ပြည့်စုံစွာတင်ပြလာမယ်ဆိုရင် လယ်ယာမြေ အခြားနည်းသုံးစွဲခွင့် ခွင့်ပြုမိန့် ထုတ်ပေးရာမှာ နိုင်ငံတော်ရဲ့ စားနပ်ရိက္ခာဖူလုံစေရေးကို ထိခိုက်နိုင်ခြင်းရှိ/မရှိ၊ သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်ခြင်း ရှိ/မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အကျိုးပြုတဲ့လုပ်ငန်း ဖြစ်/မဖြစ်တို့ကိုစိစစ်ပြီး သတ်မှတ်ချိန်ကာလအတွင်း ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါတယ်။ မိမိတို့ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဟာ တစ်လတစ်ကြိမ် ပုံမှန်အစည်းအဝေးထိုင်ပြီး အဆိုပါလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ အထက်ပါ အခြားနည်းသုံးစွဲခွင့်နှင့် ပတ်သက်ပြီး မိမိတို့လယ်ယာမြေဥပဒေပါ ခွင့်ပြုသည့်နေ့ရက်မှ (၆)လအတွင်း လယ်ယာမြေကို သတ်မှတ်တဲ့နည်းလမ်းအတိုင်း စတင်အသုံးမပြုရင်တော့ သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးခြင်း မရှိရင်တော့ ဗဟိုအဖွဲ့ကနေ ယင်းလယ်ယာမြေကို ပြန်လည်သိမ်းယူနိုင်တယ်လို့ ခွင့်ပြုမိန့်ရရှိတဲ့ ကာယကံရှင်များမှလည်းပဲ လိုက်နာဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း တင်ပြအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့အထဲမှာပါတဲ့ မိမိတို့ရဲ့ဒေသအလိုက် ဖြစ်ပေါ်တည်ရှိနေသော အပေးအယူကိစ္စရပ်များဟာ သက်ဆိုင်ရာကာယကံရှင်၊ သက်ဆိုင်ရာဝန်ထမ်းရဲ့အနေအထားပေါ် မူတည်တဲ့အတွက် အသေအချာသိရှိမယ်ဆိုရင် မိမိတို့ဝန်ကြီးဌာနကို အကျိုးအကြောင်းဖော်ပြချက်နဲ့ ပေးပို့တိုင်ကြားနိုင်ပါတယ်။ တည်ဆဲ နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေနှင့်ထိရောက်စွာ အရေးယူဆောင်ရွက်ပေးသွားမယ် ဆိုတဲ့အကြောင်းလည်းပဲ ဖြည့်စွက်ရှင်းလင်း တင်ပြအပ်ပါတယ်။

စီမံခန့်ခွဲမှု အသုံးစရိတ်ဆိုသည့် ကိစ္စရပ်ဟာ ၎င်းဒေသအတွင်းမှာရှိတဲ့ စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့အဖွဲ့အစည်းတွေရဲ့ စီမံခန့်ခွဲတဲ့လုပ်ရပ်တစ်ခုဖြစ်တဲ့ကိစ္စ ဖြစ်ပါကြောင်းကိုလည်းပဲ ထည့်သွင်းဖြေကြားအပ်ပါတယ်။ သို့ဖြစ်တဲ့အတွက် ကရင်ပြည်နယ် အမှတ်(၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုးမိုးထွေး ရဲ့ မေးခွန်းပါကိစ္စရပ်များနှင့် စပ်လျဉ်းပြီး အများပြည်သူတွေ သိရှိဆောင်ရွက်နိုင်ဖို့အတွက် ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေကို မိမိတို့ရဲ့ နယ်မြေဒေသအသီးသီးမှာရှိတဲ့ရုံးတွေမှာ ဗွီနိုင်း(Venyl)နဲ့ ထင်ထင်ရှားရှား ချိတ်ဆွဲတပ်ဆင်ထားပြီး ပြည်သူတွေ ပိုမိုကျယ်ပြန့်သိရှိနိုင်ဖို့ အတွက်လည်းပဲ ဆောင်ရွက်ထားပါတယ်။ ဝန်ကြီးဌာနတွေကလည်းပဲ Website မှာလည်း

တင်ထားပါကြောင်းနဲ့ လက်ကမ်းကြော်ငြာများကိုလည်း လက်လှမ်းမီတဲ့ ဒေသများမှာလည်းပဲ ပေးပို့ပြီး ဆောင်ရွက်ထားမှုရှိပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းကို ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး အမှတ်(၆)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးကြွယ်ကြွယ် ရဲ့ လျှော်ဖြူပင် (Sterculia Versicolour Wall) စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာဖို့အတွက် နိုင်ငံတော်အစိုးရကနေပြီးတော့ စိုက်ပျိုးရေး ပညာပေး၊ ဖြန့်ဖြူးမှု၊ စိုက်ပျိုးမြေသစ်များ ဖော်ထုတ်ပေးခြင်းနှင့် လျှော်ဖြူပင်မှထွက်တဲ့ လျှော်စေး တင်ပို့ ရောင်းချခြင်းတို့အတွက် ဈေးကွက်ရှာဖွေ မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ်နဲ့ စပ်လျဉ်းပြီး မေးမြန်းတဲ့မေးခွန်းအပေါ် မိမိဝန်ကြီးဌာနအနေနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနရဲ့ ဖြေကြားချက်နဲ့အတူ ပေါင်းစပ်ရှင်းလင်း ဖြေကြားပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့် ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ လျှော်ဖြူပင်ဟာ အပင်ငယ်စဉ် (၂)နှစ်၊ (၃)နှစ်သားထိ ကြားသီးနှံရာသီပင် စိုက်ပျိုးနိုင် ပါတယ်။ အပင်သက်တမ်း (၃)နှစ်၊ (၄)နှစ်၊ လုံးပတ် (၂၅)ကနေ (၂၇)လက်မ အရွယ်လောက်ကစပြီး အစေး ထုတ်နိုင်ပါတယ်။ (၇)နှစ်ကနေ (၁၅)နှစ်သားထိ အထွက်အများဆုံးဖြစ်ကြောင်း သိရပါတယ်။ မြန်မာ နိုင်ငံအနှံ့အပြား တောင်တန်းတွေပေါ်မှာ အခြားသစ်ပင်များနှင့် ရောနှောပြီး အလေ့ကျပေါက်ရောက် လေ့ရှိတဲ့အပင်ဖြစ်ပါတယ်။ ၎င်းမှ ထုတ်ယူရရှိတဲ့ အစေး (GUM)ဟာ ကမ္ဘာ့ဈေးကွက်မှာ တင်ပို့ ရောင်းချနိုင်တာကို သိရှိပြီးတဲ့နောက်မှာ လွန်ခဲ့တဲ့ လေးငါးနှစ်ကစပြီး စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးလာခဲ့ ကြကြောင်း သိရှိရပါတယ်။ လျှော်ဖြူစေးဟာ စေးကပ်နိုင်တဲ့သဘာဝပါဝင်တဲ့ ပစ္စည်းဖြစ်တဲ့ (Galactangelose) ပါဝင်မှုကြောင့် ရေကိုအဆများစွာစုပ်ယူပြီး ပွစေနိုင်ပါတယ်။ ရေနှင့် ပေါင်းစပ်ပြီး နူးညံ့ပျော့ပျောင်းတဲ့ ဂျယ်အဖြစ် ပုံသဏ္ဌာန်အမျိုးမျိုး ပြောင်းလဲနိုင်တဲ့အပြင် စေးပျစ်စေခြင်း၊ ကော်ကပ် နိုင်စွမ်းရှိခြင်းနဲ့ အက်ဆစ်ပျော့နှင့် အဏုဇီဝပိုးများရဲ့ ချေဖျက်တိုက်စားမှုဒဏ် ခံနိုင်ရည်ရှိခြင်းစတဲ့ ထူးခြားတဲ့ရုပ်နှင့် ဓာတ်ဂုဏ်သတ္တိတွေရှိခြင်းကြောင့် ကမ္ဘာပေါ်မှာရှိတဲ့ လူသုံးကုန်ပစ္စည်း ထုတ်လုပ်ရေး လုပ်ငန်းတွေ၊ စက်မှုလုပ်ငန်းတွေမှာ ကျယ်ပြန့်စွာ အသုံးပြုလာကြပါတယ်။

ဒါ့အပြင် စားသောက်ကုန် သရေစာနှင့် မုန့်လုပ်ငန်းများ၊ အလှကုန်ပစ္စည်း ထုတ်လုပ်ရေး လုပ်ငန်းများ၊ ဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းများ၊ ရက်ကန်းနှင့် အထည်အလိပ်လုပ်ငန်းများ၊ ပုံနှိပ် လုပ်ငန်းများမှာလည်း အမျိုးမျိုး သုံးစွဲလာမှုရှိပါတယ်။ မြန်မာနိုင်ငံမှာ လျှော်ဖြူ ခေါ် ဆေးကုလားမကို ဖျော်ရည်အမျိုးမျိုးနဲ့ တိုင်းရင်းဆေးများစွာမှာ အသုံးပြုကြပါတယ်။ လွန်ခဲ့တဲ့ ဆယ်စုနှစ်ကစပြီး မကွေး တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနဲ့ ပဲခူးတိုင်းဒေသကြီးတို့မှာ အများဆုံး စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၇ - ၂၀၁၈ ခုနှစ်မှာ စစ်ကိုင်းတိုင်းဒေသကြီးမှာ ဧက(၇၅၀၀)ခန့်၊ မကွေးတိုင်း ဒေသကြီးမှာ ဧက(၅၀၀၀)၊ မန္တလေးတိုင်းဒေသကြီးမှာ ဧက(၆၀၀၀)ခန့်နှင့် ပဲခူးတိုင်းဒေသကြီးမှာ ဧက

(၃၀၀၀)ခန့် တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ စိုက်ဧက(၂၅၀၀၀)ကျော်အထိ စိုက်ပျိုးမှုရှိကြောင်း သိရှိရပါတယ်။ လျှော်ဖြူ (၁)ဧကထွက်နှုန်းဟာ အစေးပိဿာ(၂၀) ကနေ (၄၀)အထိ၊ တစ်ပင်က တစ်ရက်မှာ အစေး တစ်ကျပ်သားကနေ ငါးကျပ်သားအထိ ထွက်ရှိကြောင်းလည်း သိရပါတယ်။ လက်ရှိပြည်တွင်းဈေးကွက်မှာ လျှော်ဖြူဈေးထိပ်စ(ကြာဖံအဆင့်)က တစ်ပိဿာမှာ ကျပ် (၈၀၀၀၀)ကနေ ကျပ်(၁၀၀၀၀၀)အထိ၊ အလတ်စ(ရေခဲသား)အဆင့်က ကျပ်(၆၀၀၀၀)ကနေ အရည်အသွေးနိမ့် (ဝါကြည်သား)အဆင့်ဟာ ကျပ်(၂၅၀၀၀)ဈေးနှုန်းရှိကြောင်း သိရပါတယ်။

မိမိတို့ဝန်ကြီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာနအောက်မှာရှိတဲ့ နှစ်ရှည်အသီးအနှံဌာနခွဲအနေနဲ့ ခြံ(၄)ခြံမှာ လွန်ခဲ့တဲ့ ၂၀၁၆ - ၂၀၁၇ ခုနှစ် ကနေစပြီး သုတေသနပြု စမ်းသပ်စိုက်ပျိုးလျက်ရှိပါတယ်။ လျှော်ဖြူ စိုက်ပျိုးရာဒေသတွေကို နည်းပညာပြန့်ပွားရေး လုပ်ငန်းတွေကိုလည်းပဲ ဆက်လက်ပြီး ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ လျှော်ဖြူတွေ တိုးချဲ့ စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးမြေသစ်များ ဖော်ထုတ်မှုနှင့် စပ်လျဉ်းပြီး ၂၀၁၂ ခုနှစ်တွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေနှင့် အညီ စိုက်ပျိုးလုပ်ကိုင်မယ့်ပုဂ္ဂိုလ်များ လျှောက်ထား ဆောင်ရွက်မယ်ဆိုလို့ရှိရင် မြေယာလုပ်ကိုင်ခွင့်များကိုလည်းပဲ ခွင့်ပြုပေးနိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့လည်း ဒီ ကုန်ပစ္စည်းများ ပြည်တွင်းမှာ တင်သွင်း/တင်ပို့ခြင်းကို လုပ်ထုံးလုပ်နည်းနှင့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုင်စင်တွေ၊ ပါမစ်တွေ ခွင့်ပြုပေးလျက်ရှိရာမှာ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလက စပြီးတော့ မူဆယ်နယ်စပ်ကနေတစ်ဆင့် တရုတ်နိုင်ငံကို လျှော်ဖြူစေးတစ်တန်ဈေး အမေရိကန် ဒေါ်လာ (၃၅၀၀)နှုန်းနဲ့ တန်ဝက်တင်ပို့နိုင်ခဲ့ကြောင်းလည်း သိရပါတယ်။ ပြည်ပတင်ပို့မှုမှာ ဈေးကောင်းရရှိဖို့နှင့် ဈေးကွက်ပိုမိုရရှိဖို့အတွက် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလမှာ ကျင်းပပြုလုပ်ခဲ့တဲ့ (၁၆)ကြိမ်မြောက် မြန်မာ - တရုတ်နယ်စပ် ရွှေလီ ကုန်စည်ပြပွဲမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ ဖိတ်ခေါ်မှုနဲ့ မြန်မာနိုင်ငံ လျှော်ဖြူ စိုက်ပျိုးထုတ်လုပ်သူများအသင်းကနေ လျှော်ဖြူဈေး အရည်အသွေး အမျိုးမျိုးကို ပထမဆုံးအကြိမ် ဝင်ရောက်ပြသခဲ့ပါတယ်။ တရုတ်နိုင်ငံဘက်မှ လာရောက်ကြည့်ရှုတဲ့ စီးပွားရေးလုပ်ငန်းရှင်အများစုရဲ့ စိတ်ဝင်စားမှု များစွာရရှိခဲ့ပါတယ်။

မြန်မာနိုင်ငံ လျှော်ဖြူ စိုက်ပျိုးထုတ်လုပ်မှုအသင်းအနေနဲ့လည်းပဲ နှစ်နိုင်ငံလျှော်ဖြူ တင်ပို့ရောင်းချရေး ညှိနှိုင်းဆွေးနွေးခဲ့တဲ့အခါမှာ တစ်နှစ် အစေးတန်ချိန်(၃၀၀) ကနေ (၄၀၀)အထိ နှစ်စဉ် ဝယ်ယူလိုတဲ့ အခြေအနေရှိကြောင်း သိရှိရပါတယ်။ ပြည်တွင်းဈေးကွက်ရရှိရေး၊ ပြည်ပဈေးကွက် တိုးချဲ့တင်ပို့နိုင်ရန်နှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်(၁၂)ခုမှာ ကုန်သွယ်မှုဗဟိုဌာန(၁၂)ခု ဖွင့်လှစ်ထားပြီး ဖြစ်တဲ့အတွက်ကြောင့် ဒေသအလိုက် ထွက်ရှိတဲ့လျှော်ဖြူစေးကို ဒေသထွက်ကုန် ပြခန်းမှာ ကုန်ပစ္စည်းအချက်အလက်များ ပြုစုပြသမှု၊ ဝယ်လိုတဲ့ကုန်သည်တွေ သိရှိဖို့အတွက် ကုန်သွယ်မှု၊ စီးပွားရေး၊ ကုန်ထုတ်လုပ်မှုနဲ့ဆိုင်တဲ့ သတင်းဖြန့်ဝေခြင်းများ၊ စာတမ်းဖတ်ကြားရှင်းလင်းခြင်းများ ဆောင်ရွက်ပေးလျက်ပါတယ်။

လက်ရှိမှာ မြန်မာနိုင်ငံ ထော့ပ်ဖြူအသင်းကို လွန်ခဲ့တဲ့ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့ကစပြီး အသင်းသား (၄၅၀)ဦးနဲ့ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း သိရပါတယ်။ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတွေမှာ ထော့ပ်ဖြူအသင်းအစုအဖွဲ့များ ဖွဲ့စည်းထားပြီးဖြစ်ကြောင်းလည်းပဲ တင်ပြအပ်ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့လည်း အိန္ဒိယ၊ ထိုင်း၊ တရုတ်၊ စင်ကာပူ၊ ဂျပန်၊ တောင်ကိုရီးယား၊ အမေရိကန်၊ ဘယ်လဂျီယံ စတဲ့ နိုင်ငံများမှာ စီးပွားရေးသံမှူးများနဲ့ တရုတ်နိုင်ငံ၊ နန်နင်းမှာ ကုန်သွယ်ရေးအရာရှိတစ်ဦးတို့ကို တာဝန်ပေး ခန့်အပ်စေလွှတ်ထားပြီး ဖြစ်တဲ့အတွက်ကြောင့် သက်ဆိုင်ရာ နိုင်ငံအလိုက်ဈေးကွက်ရရှိရေး အခြေအနေတွေကိုလည်းပဲ စုံစမ်းထောက်လှမ်းခြင်းနှင့် ဈေးကွက်ရရှိရေးအတွက်ညှိနှိုင်း ဆွေးနွေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထော့ပ်ဖြူစေးဟာ ဈေးနှုန်းမြင့်မားကောင်းမွန်တဲ့အပြင် ပြည်ပဈေးကွက်ဝယ်လိုအား မြင့်မားတဲ့ကုန်ပစ္စည်းဖြစ်တဲ့အတွက် ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ Website တွေမှာ ဖော်ပြပေးလျက်ရှိပါတယ်။ ဒါ့အပြင် တိုင်းဒေသကြီးပြည်နယ်များအလိုက် ကုန်သွယ်မှုဗဟိုဌာန တာဝန်ခံတွေကနေတစ်ဆင့် ထုတ်လုပ်သူများ သိရှိနိုင်ဖို့အတွက် သတင်းဖြန့်ဝေပေးခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မိမိတို့စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနအနေနဲ့ ထော့ပ်ဖြူသီးနှံ စိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာစေဖို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတု ပြောင်းလဲမှုအပေါ်မှာ လိုက်လျောညီထွေ ဖြစ်စေမယ့် သီးနှံ အမယ်စုံ စိုက်ပျိုးရေးနှင့် သီးနှံ - သစ်တော ရောနှောတောင်သူပညာပေး စိုက်ကွက်များဖြင့် စိုက်ပျိုး ပြသခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

တစ်ဖက်မှာလည်း ကျွမ်းကျင်လုပ်သားတွေနဲ့ အစေးထုတ်တဲ့နည်းပညာ၊ မျိုးကောင်းမျိုးသန့် ပျိုးပင်များရယူဖို့အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဆက်သွယ်ပေးခြင်းတို့ကိုလည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထော့ပ်ဖြူပင် စိုက်ပျိုးမြေသစ်များ ပေါ်ထွက်လာရေးအတွက် ဆက်စပ်ဌာနများနဲ့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိတဲ့အလျောက် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက်လုပ်ငန်းဆောင်ရွက်လိုသူများနဲ့ ချိတ်ဆက်ဆွေးနွေးနေပြီး မိမိတို့ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရရဲ့ အစီအမံတွေအပေါ်မှာ မိမိဝန်ကြီးဌာနအနေနဲ့ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

လေးစားအပ်ပါသောအမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ရှမ်းပြည်နယ်အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင် ရဲ့ ကြယ်ပွင့်ပြ မေးခွန်းအပေါ်မှာ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရဲ့ကိုယ်စား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဖြေကြားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းမှာ ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ လဲချားမြို့နယ်၊ မြို့မကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ကန်ရေသောက် လယ်တွေကနေမှီခိုအားထားနေရသော တိမ်ကောစပြုတဲ့ နောင်ခမ်းကန်ကို ပြန်လည်ပြုပြင် ထိန်းသိမ်းပေးရန်အစီအစဉ်နှင့် စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။

လှိုင်လင်ခရိုင်၊ လဲချားမြို့နယ်၊ မြို့မကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ နောင်ခမ်းကန်ကို ပြန်လည်ပြုပြင် ထိန်းသိမ်းပေးရန်ကိစ္စနဲ့ စပ်လျဉ်းပြီး မြေပြင်အသေးစိတ် စူးစမ်းလေ့လာခြင်းနှင့် ဒီဇိုင်းပြု တွက်ချက်ခြင်းတို့ကို ယခုနှစ် မိုးရာသီကုန် ပွင့်လင်းရာသီမှာ မိမိတို့ ဆည်မြောင်းနှင့် ရေ အသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ တွက်ချက်မှုအရ လိုအပ်တဲ့ ရန်ပုံငွေကို ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဦးစားပေး လုပ်ငန်းအစီအစဉ်အရ လျာထားဆောင်ရွက်ပေးသွား မည်ဖြစ်ပါကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား ပြန်လည် ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အဂတိ လိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၂၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသား လွှတ်တော်သို့ အသိပေး တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် ပြည်သူ့လွှတ်တော် ၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အတည်ဖြစ်သည်။

## မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း

**အချိန်၊ ၁၁း၂၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်တွင်စတင်တင်သွင်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာတဲ့ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး ဆွေးနွေးဖို့ ဖြစ်ပါတယ်။ (၆)မိနစ် ထက်မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၇။**

**ဒေါက်တာပြည့်ဖြိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာပြည့်ဖြိုး ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီနေ့ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ ပြင်ဆင်၊ ပယ်ဖျက်၊ ဖြည့်စွက် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့် ပေးပါခင်ဗျား။

ဒီ ဥပဒေကြမ်းထဲမှာဆိုရင် အခန်း(၃)၊ မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဖွဲ့စည်းခြင်းဆိုတဲ့ ခေါင်းစဉ်မှာ ကျွန်တော့်အနေနဲ့ ဖြည့်စွက်လိုတဲ့အချက်ကတော့ အပိုဒ် ၄၊ အပိုဒ်ခွဲ(စ) အနေနဲ့ ကောင်စီဥက္ကဋ္ဌသည် ရွေးချယ်တင်မြှောက်ထားသည့် အလုပ်အမှုဆောင်အဖွဲ့၏ ဥက္ကဋ္ဌ ဖြစ်သည်လို့ ကျွန်တော့်အနေနဲ့ ဖြည့်စွက်လိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ကောင်စီဟာ (၃၅)ဦးနှင့် ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ ဒီအထဲကမှ အလုပ်အမှုဆောင်အဖြစ် ဒီ အများသဘော ဆန္ဒနဲ့ ဆန္ဒမဲပေးပြီးတော့ အလုပ်အမှုဆောင်အဖွဲ့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ စာရင်းစစ်၊ အဖွဲ့ဝင် စသည်ဖြင့် (၁၃)ဦးနဲ့ အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ ဒီ မူလ ဥပဒေကြမ်းမှာရော၊ ပြင်ဆင်လိုက်တဲ့အထဲမှာရော ဒီ စကားရပ်၊ ကောင်စီဥက္ကဋ္ဌ ဆိုတဲ့ စကားရပ်ဟာ ပါရှိထားခြင်း မရှိပါဘူးခင်ဗျား။ ဒါ့ကြောင့် ကျွန်တော့်အနေနဲ့ ဖြည့်စွက်လိုတာ ဖြစ်ပါတယ်။

နောက်တစ်ချက်အနေနဲ့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ သဘောထားမှတ်ချက်ဖြစ်တဲ့ အပိုဒ် ၆၊ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ် ၂ မှာဆိုရင် ကောင်စီဝင်များသည် သက်တမ်း နှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်းမပြုရ ဆိုတဲ့ စကားရပ်နေရာမှာ ကျွန်တော့်အနေနဲ့ ကောင်စီဥက္ကဋ္ဌ သည် သက်တမ်း နှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်း မပြုရလို့ ပြင်ဆင် ပြောင်းလဲလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ အနာဂတ်ကာလ မှာဆိုရင် တခြားကောင်စီဝင်တွေဟာ သွားနှင့်ခံတွင်းဆိုင်ရာ နယ်ပယ်ဖွံ့ဖြိုးတိုးတက်မှုအတွက်၊ ဆောင်ရွက်ပေးနိုင်တဲ့ပုဂ္ဂိုလ်တွေအတွက် မနစ်နာစေလိုလို့ပဲ ဖြစ်ပါတယ်။ ဒါ့အပြင်ကို အပိုဒ်ခွဲငယ် ၃ ကိုလည်း ကျွန်တော့်အနေနဲ့ ပြင်ဆင်လိုတာကတော့ ကောင်စီဥက္ကဋ္ဌ အဖြစ် ကြားဖြတ်တာဝန်ယူရသည့်

ကာလသည် ကောင်စီ၏သက်တမ်း ထက်ဝက်အောက် လျော့နည်းပါက သက်တမ်းတစ်ခုဟု မသတ်မှတ်ရလို့ ပြောင်းလဲ ပြင်ဆင်လိုပါတယ်ခင်ဗျား။

ဆက်လက်ပြီးတော့ အပိုဒ် ၆၊ အပိုဒ်ခွဲ(ခ)မှာရှိတဲ့ ကောင်စီဝင် များ၏ အရည်အချင်းများပဲ ဖြစ်ပါတယ်။ ဒီနေရာမှာဆိုရင် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော် ဥပဒေကြမ်းက အတည်ပြုထားတဲ့ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကုသခွင့် လိုင်စင်သက်တမ်း အနည်းဆုံး (၁၅)နှစ်ရှိသူ ဆိုတဲ့နေရာမှာ ကျွန်တော့်အနေနဲ့ အနည်းဆုံး (၁၀)နှစ်ရှိသူလို့ ပြင်ဆင်ပြောင်းလဲလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီ(၁၀)နှစ်ဆိုတဲ့ ကာလအတိုင်းအတာဟာ လုံလောက်နေပြီးတော့ ကျွန်တော်တို့ ပိုမိုငယ်ရွယ် လုပ်ကိုင်နိုင်တဲ့သူအတွက်ပဲ ကန့်သတ်ထားမှုမျိုး မဖြစ်စေလိုလို့ပါ။ ဒါ့အပြင် လက်ရှိသတ်မှတ်ထားတဲ့ (၁၀)နှစ်ဆိုရင်တောင်မှ ပျမ်းမျှအသက်အရွယ်အားဖြင့် (၃၃)နှစ်အရွယ်ရှိတဲ့ ပုဂ္ဂိုလ်တွေလည်း ဖြစ်နေမှာ ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ အခန်း(၄) ကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ ကျွန်တော် ထပ်မံပြီးတော့ ဖြည့်စွက်လိုတာကတော့ ကောင်စီ၏ တာဝန်များအနေနဲ့ အပိုဒ် ၇၊ အပိုဒ်ခွဲ(ဠ) ကောင်စီသည် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တစ်နှစ်လျှင် တစ်ကြိမ် တင်သွင်းရမည်လို့ ထပ်မံ ဖြည့်စွက်လိုပါတယ်။

အခန်း(၆) ကျွန်တော်တို့ အစည်းအဝေးကျင်းပခြင်း ခေါင်းစဉ်အောက်မှာဆိုလို့ရှိရင် ပြည်သူ့လွှတ်တော်ကလည်း အတည်ပြုထားတာ ရှိပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကလည်း ပြန်လည် ပြင်ဆင်ထားတာ ရှိပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဒီ မူလ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ဖြစ်တဲ့ ကောင်စီရဲ့ ပုံမှန်အစည်းအဝေးကို (၄)လလျှင် တစ်ကြိမ်ဆိုတဲ့နေရာမှာ (၆)လလျှင် တစ်ကြိမ် ကျင်းပရမယ်ဆိုရင် ဒါဟာ လုံလောက်ပါတယ်။ ဒါ့အပြင်ကို ဒီစကားရပ်ထဲမှာလည်းပဲ လိုအပ်ပါက အထူးအစည်းအဝေး ခေါ်ယူကျင်းပနိုင်သည် ဆိုတဲ့အချက် ပါနေတဲ့အတွက်ကြောင့် ပြည့်စုံပြီးသားလည်း ဖြစ်ပါတယ်။

ဒါကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ပါ။ ကျွန်တော့်အနေနဲ့ ဒီပြင်ဆင်ချက်ဟာ သင့်လျော်ကောင်းမွန်ပါကြောင်း ထောက်ခံဆွေးနွေးလိုပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ခြွင်းချက်ကို ဒီ ပုဒ်မ အပိုဒ် ၄၀ မှာ ထည့်သွင်းလိုက်တာဖြစ်ပါတယ်။ အပိုဒ် ၄ ခြွင်းချက် ပုဒ်မ ၂၆(က)နဲ့ (ခ)ပါ ဘွဲ့၊ ဒီပလိုမာ သို့မဟုတ် သင်တန်းဆင်းလက်မှတ်ရရှိသူမှအပ အခြားသူတစ်ဦးကို တာဝန်ပေးအပ်ဆောင်ရွက်သည့်ကိစ္စဖြစ်ပါက ကောင်စီက ဤဥပဒေအရ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရန် လိုအပ်သော သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ခြင်း မရှိသေးလျှင် ဤပြဋ္ဌာန်းချက်နှင့် အကျုံးဝင် သက်ဆိုင်ခြင်း မရှိစေရ ဆိုတဲ့ ခြွင်းချက်ပဲ ဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ လက်ရှိမြေပြင်အခြေအနေနဲ့ ကိုက်ညီစေမှာ ဖြစ်ပါတယ်။ ဒီခြွင်းချက်သာ မထည့်ခဲ့လို့ရှိရင် ပြစ်ဒဏ်များနဲ့ သွားရောက်ပြီးတော့ ကျွန်တော်တို့ ဥပဒေနှင့်အညီ အကောင်အထည်ဖော်ရခက်သလို စိုးရိမ်ရမှုတွေလည်း ရှိလာနိုင်မှာ ဖြစ်ပါတယ်။

ဒါကတော့ နောက်ဆုံးအချက်ပါ။ ကျွန်တော့်အနေနဲ့ အခန်း(၃) မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဖွဲ့စည်းခြင်း အပိုဒ် ၄(ခ)မှာ အပိုဒ်ခွဲငယ်(၁)မှာပါတဲ့ ကျန်းမာရေးနှင့် အားကစား

ဝန်ကြီးဌာနမှ ပါမောက္ခချုပ်(၂)ဦး၊ ပါမောက္ခ၊ ဌာနမှူး(၂)ဦး၊ အရာထမ်း (၁)ဦး ဆိုတဲ့နေရာမှာ ဒီ ပါမောက္ခနှင့် ဌာနမှူးကြားမှာ ကျွန်တော် သို့မဟုတ် ဖြည့်ဆည်းချင်ပါတယ်။ ဒါမှသာ စကားရပ်က အဓိပ္ပါယ် ပိုပြီးတော့ ရှင်းရှင်းလင်းလင်းရှိမှာ ဖြစ်ပါတယ်။ ဒါ့အပြင်ကို ဒီ အောက်မှာ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်းမှ ကိုယ်စားလှယ်တစ်ဦးနေရာမှာ ကျွန်တော့်အနေနဲ့ ကိုယ်စားလှယ် နှစ်ဦး ဖြည့်စွက်လိုပါတယ်။ ဒါ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ လက်ရှိအခြေအနေ အချိန်အခါ မှာလည်း ဒီ မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်းဟာ တကယ့်ကို နယ်ပယ်ထဲမှာ ကြိုးစား ဆောင်ရွက်နေတာတွေ ရှိပါတယ်။

**အချိန်၊ ၁၁:၃၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာပြည့်ဖြိုး ရဲ့ ဆွေးနွေးချက်နှင့် ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၆)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**အချိန်၊ ၁၁:၃၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ်အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၈ ရက် (တနင်္လာနေ့) နံနက် ၁၀:၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၁၁:၃၃ နာရီအချိန်တွင် ရပ်နားပါသည်။]